# လိပ်ပြာစွတ့ည

ဒဿကျော်ရွာ

www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ …

မြမြနှင်းတစ်ယောက် ရုတ်တရက် သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။

ကလေးမွေးပြီးပြီးချင်း သိပ်မကြာခင်မှာပင် ဆေးရုံက ဆင်းခွင့်ပေးလိုက်သဖြင့် မြမြနှင်း အိမ်သို့ပြန်ရောက်လာခဲ့၏။

ထိုသို့ ဆေးရုံဆင်းပြီး တစ်ပတ်အကြာ …

တစ်ညနေမှာတော့

သူ့ခင်ပွန်း ကိုဝင်းမောင်မှာ သူငယ်ချင်းတစ်ယောက် လာခေါ်သဖြင့် လက်ဖက်ရည်ဆိုင် လိုက်သွားခဲ့

BURMESE CLASSIC .com



သည်။

ထိုအချိန်မှာ မြမြနှင်း မိဘနှစ်ပါးနှင့် အစ်မချိုချိုနှင်းတို့ကလည်း ကိစ္စတစ်ခုဖြင့် အပြင်သွားနေခဲ့ကြ၏။

အိမ်မှာ … အောက်ထပ်ရှိမီးဖိုထဲ ဟင်းချက်နေသော အိမ်ဖော်အဒေါ်ကြီးရယ်၊ အပေါ်ထပ်အိပ်ခန်းအတွင်း၌ မြမြနှင်းတို့ သားအမိရယ်သာ ကျန်ခဲ့သည်။

ရက်သားသာရှိသော ကလေးငယ်ကို မြမြနှင်းမှာ ပွေ့ဖက်ရင်း ကျန့်ရစ်ခဲ့၏။

အနည်းငယ် ခေါင်းမူးသည်ဟု ဆိုသည်ကလွဲ၍ သူမ နာမကျန်းနေခြင်းမျိုးလည်း မရှိလှပါ။ ကိုဝင်းမောင်က ဆရာဝန်ခေါ်ပေးရမလားဆိုသည်ကိုပင် နေပါစေ၊ ကြက်ပေါင်းရည်သာ တစ်ပါကင်လောက် ဝယ်ခဲ့စမ်းပါ ဆိုခဲ့၏။

ကိုဝင်းမောင်ကလည်း လက်ဖက်ရည်ဆိုင်မှာ သိပ်မကြာပဲ ပြန်ရောက်လာခဲ့ပါသည်။

သူပြန်ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ကလေးက အရမ်းရယ်မောနေတာတွေသည်။

မြမြနှင်းကတော့ ကလေးနံဘေးက ထိုင်ခုံလက်ရမ်းလေးပေါ်တွင် ခေါင်းမှီကျနေလျက်။

အိပ်ပျော်နေသည်ထင်၍ ကိုဝင်းမောင်က မနိုးပဲထားခဲ့ပါသည်။

အတူလိုက်ပါလာသူ သူငယ်ချင်းကပင် ပြောဖြစ်ခဲ့သေး၏။

"မင်းကလေးက မြူးလှချေလားကွ"

မွေးသည်မှ နှစ်ပတ်လောက်သာရှိသေးသော ကလေးငယ်မှာ တကယ်ပင် အသံတွေဘာတွေထွက်အောင် ခိုးခိုးခစ်ခစ် ရယ်မောနေခြင်းဖြစ်၏။

ပုံစံက တစ်ယောက်ယောက် ချော့မြူနေသည့်နှယ်။

သို့သော်

သူတို့ အိမ်ထဲရောက်သွားသည့်အခါ

ကလေးမှာ ရွှင်မြူးနေခြင်းရပ်တန့်သွားသလိုရှိ

BURMESE CLASSIC .com



သည်။ ကိုဝင်းမောင်က ...

"သားလေးရေ၊ ဘာတွေသဘောကျနေတာတုန်း"

ဆိုသည်ကို မသိနားမလည်သော မျက်လုံးလေးကလည်ကလည်နှင့် ပြန်ကြည့်လေ၏။

သူငယ်ချင်းဖြစ်သူက နှုတ်ဆက်ပြီး ပြန်သွားရန်ပြုသည်။ သို့သော် သူ ခြံတံခါးဝသို့အရောက်မှာပင် ကိုဝင်းမောင်၏ ကြေကွဲထိတ်လန့်နေသော အသံကြီးထွက်ပေါ်လာပါလေတော့သည်။

"မြလေးရေ မြလေး၊ အမယ်လေး လုပ်ကြပါဦးဗျာ ကျွန်တော့မိန်းမ ခေါ်လို့လည်း မရတော့ဘူး"

သူငယ်ချင်းသာမက အိမ်ဖော်အဒေါ်ကြီးပါ အပြေးအလွှား သူတို့နား ရောက်သွားကြ၏။

ကိုဝင်းမောင်၏ လက်ထဲတွင် မြမြနှင်းတစ်ယောက် ပျော့ခွေကျနေသည်ကို မြင်ရ၏။

ကိုဝင်းမောင်က ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသွားအိပ်ရအောင် ပွေ့ခေါ်တော့မှ အခုလို ပျော့ခွေနေတာ တွေ့ရတာပဲ … တဲ့။

အားလုံး အလန့်တကြားဖြင့် မြမြနှင်းကို လှုပ်ကြ နှိုးကြသည်။ ကိုဝင်းမောင်ဆို အသံတွေပင် ပြာဝေသွားမတတ်။

သို့သော် ဘယ်လိုမှ ခေါ်လို့ နှိုးလို့မရတော့။

ခဏအကြာမှာ မြမြနှင်း မိဘတွေပြန်ရောက်လာကြ၏။

သူတို့တွေကလည်း ပျာယာခတ်သွားကြပါသည်။

မြမြနှင်းကို ခေါ်သူကလည်း ခေါ်။

ဆရာဝန်ဆီ ဖုန်းဆက်သူကလည်း ဆက်နှင့်။

သို့သော် မြမြနှင်းကတော့ ဘယ်လိုမှ သတိပြန်မလည် လာခဲ့ပါတော့ချေ။

✸

BURMESE CLASSIC .com



အိမ်ဖော်အဒေါ်ကြီးက ပြောပြ၏။

ကိုဝင်းမောင်တို့ ထွက်သွားသည်ကို အိမ်အောက်ထပ် မီးဖိုချောင်ထဲမှ သူ မြင်လိုက်ရပါသည်တဲ့။

ကိုဝင်းမောင်တို့နောက်မှ မည်းကနဲ အရိပ်တစ်ခု လိုက်သွားသည်ကိုလည်း တွေ့လိုက်ရသည်ဆို၏။

ချက်ချင်းပင် သူ့စိတ်ထဲ ကြက်သီးတဖြန်းဖြန်းထသွားမိခဲ့သဖြင့် တတ်သမျှမှတ်သမျှ ဘုရားစာတွေပင် ရွတ်ဆိုမိခဲ့သေးသည်။

ထူးထူးခြားခြားလည်း အပေါ်ထပ်မှ အသံတွေ ဗြုန်းကျသွားသလို ကြားရပြီး သူ့စိတ်ထဲ ငိုချင်သလိုလို

www.burmeseclassic.com

www.burmeseclassic.com



လေးလံလာခဲ့သည်တဲ့။

မည်သို့ဆိုစေ …

နောက်ထပ် ရက်အနည်းငယ်အတွင်း ဆက်တိုက်ကြုံရသော အဖြစ်အပျက်တို့မှာ …

ထိုထက်များစွာပို၍ ဆန်းပြား ခြောက်ခြားဖွယ်ကောင်းလှပါတော့သည်။

BURMESE CLASSIC .com

# အခန်း(၂)

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာခွဲရန်ကိစ္စကို မြမြနှင်းတို့ မိဘတွေက အကြံပြုခဲ့ခြင်း ဖြစ်ပါသည်။

ကိုဝင်းမောင်ကတော့ ပရိဒေဝမီး တောက်လောင်နေသဖြင့် ဘာမှကို မစီစဉ်နိုင်တော့။

မြမြနှင်း အသုဘတစ်လျှောက်၌လည်း မျက်ရည် တွေတွေကျလျက်။

"သိပ် စောလွန်းတယ်၊ သိပ် မြန်လွန်းတယ်ဗျာ"

ဟုသာ တတွတ်တွတ် ရွတ်ဆိုနေလေတော့သည်။ တကယ်လည်း သူတို့ပေါင်းခဲ့ကြသည်က သိပ်



မကြာလှသေးဖူး မဟုတ်လား။

ယူပြီးလို့မှ သိပ်မကြာခင် ကိုယ်ဝန်ရှိလာခဲ့၏။

ပြီးတော့ လမစေ့ဘဲ မွေးခဲ့သည်။

အခု ကလေးရက်သားလောက်မှာပင် မြမြနှင်းတစ်ယောက် သူ့ဘဝထဲမှ ထွက်ခွာသွားသည်ဆိုတော့ ကိုဝင်းမောင် အရမ်းခံစားမိသည်ပေါ့။

မြမြနှင်းက အသက်ကလေးလဲ ခုမှ နှစ်ဆယ်စွန်းရုံ ငယ်ငယ်လေးရှိသေးတာ မဟုတ်လား။

အလောင်းမြေမကျမီမှာပင် ...

လိပ်ပြာခွဲဖို့ကိစ္စကို မြမြနှင်း မိဘတွေက စီစဉ်ခဲ့သည်။

ထိုလိပ်ပြာခွဲသည့်ည၌ ...

လိပ်ပြာခွဲပေးမည့် အရပ်ထဲမှ ဒေါ်အိမြူဆိုသူမိန်းမကြီးရယ်၊ မြမြနှင်း မိဘနှစ်ပါးရယ်၊ အစ်မချိုချိုဖွင်းရယ်၊ ခင်ပွန်း ကိုဝင်းမောင်ရယ်၊ ကိုအောင်ဆိုသူရယ် ပါဝင်ခဲ့သည်။

ကိုအောင်က ချိုချိုနှင်းနှင့် စေ့စပ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် လက်ထပ်တော့မည့်သူဖြစ်ကာ ငယ်စဉ်က တည်းက ရင်းနှီးလာခဲ့ကြ၍ မိသားစုဝင်တစ်ဦးလို ဒီအိမ် အမြဲဝင်ထွက်နေသူတစ်ဦး ဖြစ်လေသည်။

✸



ဒေါ်အိဖြူက …

အရွယ်တူပွမ်းစငယ်လေးနှစ်ခုကို လက်တစ် ဘက်၌ ဆောင်ယူလာခဲ့သည်။ အခြားတစ်ဘက်တွင် တော့ ရွှေချိန်သည့် ချိန်ခွင်လိုမျိုးလေးတစ်ခု။

ပွမ်းစလေးတစ်ခုဖြင့် မြမြနှင်းအလောင်းကို ပွတ်သပ်၏။ ပါးစပ်ကလည်း တီးတိုးပြောသည်။

"ဒါ နှင့်ရဲ့ဘက်"

ထို့နောက် ထို ပွမ်းစလေးကို ချိန်ခွင်တစ်ဘက် သို့ ထည့်လိုက်လေ၏။

နောက်ထပ် ပွမ်းစလေးကိုမူ ကလေးအား ပွတ် ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါတို့ ဘက်"

ဟု ပြော၍ ချိန်ခွင်တစ်ဘက်သို့ ထည့်လိုက်သည်။

ကျန်သူအားလုံးမှာ အသက်ပင် မရှူနိုင်ကြ။

ချိန်ခွင်လေးဆီသို့သာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိ၏။

ချိန်ခွင်သေးသေးလေးမှာ ညိမ့်ညိမ့်လေးတုန်ခါနေသည့်နှယ် ထင်ရ၏။ သို့သော် ထင်သာမြင်သာ လှုပ်ရမ်းနေခြင်းမျိုးတော့ မရှိလှပါ။

ခပ်မှန်မှန်ရှုတ်ဆိုလိုက်သော ဒေါ်အိ[illegible] အသံကသာ တိတ်ဆိတ်နေခြင်းအား ထွင်းဖောက်ထွက်ပေါ်လာလေ၏။

"ဘဝတစ်ပါးကို ကူးပြောင်းသွားခဲ့ပြီဖြစ်တဲ့ မမြမြနှင်းရေ၊ ကျန်ခဲ့တဲ့ နင့်ကလေးကို မွေးဖို့ ငါတို့ဘက်က ဘယ်သူ့ကို ပေးမလဲဆိုတာမေးမယ်၊ နင်ပေးချင်တဲ့ ငါတို့ဘက်ကလူကို သေသေ ချာချာ ပြပေးပါကွယ်"



မပီမသရှိက်သံတစ်ခု ထွက်ပေါ်၍လာလေ၏။

မြမြနှင်းမိခင်ဖြစ်သူမှ ငိုကြွေးလိုက်ခြင်းဖြစ်သည်။ သူမအား နံဘေးရှိ မြမြနှင်းဖခင်မှ လက်ကို အသာဆုပ်ကိုင်နှစ်သိမ့်လိုက်၍ ငိုသံမှာ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်၍ မလာဘဲ ကြိတ်ရှိုက်နေသံတစ်ခုအဖြစ်သာ ပြောင်းလဲ၍သွားသည်။

သူမကို နှစ်သိမ့်သော မြမြနှင်းဖခင်မှာလည်း မျက်နှာမကောင်းလှပါ။ အစ်မဖြစ်သူကလည်း ငိုချင်သလို မျက်ရည်ဝဲလာသည်ကို မြင်ရ၏။

ရှင်ပျိုကြည်လင်နေသူဟူ၍ ဘယ်သူမှ မရှိ။

ပါဝင်ပတ်သက်သူအားလုံး ကြေကွဲ ဖြေမဆည်နိုင်ကြသည့်ပွဲပင် ဖြစ်လေသည်။

"ကျန်ခဲ့တဲ့ကလေးကို နင့်ယောက်ျား ကိုဝင်းမောင်ကို ပေးခဲ့မှာလား"

ဒေါ်အိဖြူက ပြောပြီး အသာငြိမ်ကာ စောင့်ကြည့်နေသည်။

ချိန်ခွင်လေးက ငြိမ်သက်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ကြည့်နေရင်းမှပင် ချိန်ခွင်လျှာကလေးမှာ တစ်စစ ပြူထွက်လာသည်ကို မြင်ရလေ၏။

ချိန်ခွင်လေး တစ်ဘက်ကို စောင်းကျသွားတော့မည်။ ဒါဆို ကိုဝင်းမောင်ကို ကလေးမွေးခွင့်ပေးခဲ့ချင်သည်ပေါ့။

အားလုံးမှာ စိတ်လှုပ်ရှားစွာ ရင်အခုန် မြန်နေမိကြ၏။

အချိန်တဒင်္ဂယ်မျှ ကြာသွားခဲ့သည်။

ချိန်ခွင်လေးမှာ စောင်းမလိုလို စောင်းမလိုလိုနှင့် ဘယ်ဘက်မှစောင်းကျမသွားခဲ့။

တစ်စုံတစ်ယောက်ထံမှ ဟူးကနဲ သက်ပြင်းချလိုက်သံ မပီမသထွက်ပေါ်၍ လာလေသည်။

ဒေါ်အိဖြူက ကျန်သူများဆီ ဖေ့ကြည့်လိုက်၏။

"ဒီလိုပါပဲ၊ သေဆုံးသွားတဲ့ မိခင်တွေဟာ ကိုယ့် ကလေးငယ်ကို ခင်ပွန်းဆီ စိတ်ချလက်ချ မထားခဲ့တတ်ကြပါဘူး၊ မိဘတွေဆီ ဒါမှ



မဟုတ် အစ်မလို သွေးရင်းသားရင်း ဆီသာ ထားခဲ့တတ်ကြတယ်၊ ကျန်ရစ်ခဲ့တဲ့ကလေးကို စိတ်မချနိုင်တဲ့ သဘောပေါ့၊ ဒါကိုက မိခင် မေတ္တာပါပဲ"

ပြောပြီးချင်းပင် ချိန်ခွင်လေးကို ပြန်စူးစိုက်ကြည့်ကာ စကားဆိုပြန်၏။

"ဒါဆို ကျန်ခဲ့တဲ့ကလေးကို နှင့်အမေဆီ ပေးခဲ့မှာလား"

ချိန်ခွင်လျှာလေးက လှုပ်ယမ်းချင်သလို ဖြစ်လာပြန်၏။

တစ်ဘက်သို့ သိသိသာသာ ပြူထွက်သွားတော့မယောင်။ သို့သော် တစ်ခဏမျှသာ။

အနည်းငယ် မဆိုစလောက်လေး တုန်ခါရုံသာရှိပြီး ပြန်လည်တည်ငြိမ်၍ သွားပြန်လေ၏။

"ကဲ၊ ကျန်ခဲ့တဲ့ကလေးကို နှင့်အမေဆီ ပေးခဲ့ချင်သလား"

အထက်က အတိုင်းပါပင်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ခွင်လျှာလေးမှာ ထွက်လာတော့ မယောင်ယောင်ရှိကာ ပြန်လည်တည့်မတ်သွားမြဲ။

အစ်မဖြစ်သောချိုချိုနှင်းကို မေးသောအခါမှာလည်း ထိုအတိုင်းသာ ရှိချေ၏။

ဒေါ်အိဖြူမှာ အနည်းငယ်အံ့သြသလို မျက်လုံးအဝိုင်းသား ဖြစ်ခဲ့မိ၏။

"မိဘတွေရော၊ အစ်မရော၊ ကလေးရဲ့ဖအေအရင်းဖြစ်တဲ့ ခင်ပွန်းကိုရော ဘာလို့များ မပေးခဲ့ချင်သလဲ မသိဘူး"

ဟု တီးတိုးရေရွတ်သည်။ ထို့နောက် ဆက်၍

"တစ်ခုခုများနေသလိုပဲ"

ဟု ဆိုလိုက်ကာ နောက်တစ်ကြိမ် အစအဆုံးတစ်ခေါက် မေးမြန်းပြန်လေ၏။

ဒီတစ်ကြိမ်မှာတော့

ချိန်ခွင်လေးက နည်းနည်းမှပင် လှုပ်ရှားမလာခဲ့တော့ပါချေ။

ဒေါ်အိဖြူတစ်ယောက် ချွေးများပင် ပျံလာခဲ့ချေ၏။



ယင်းအား ဝိုင်းဝန်းစောင့်ဆိုင်းကြည့်နေကြသောလူအုပ်စုလေးအား တစ်ချက်ဝေ့ကြည့်လိုက်သည်။ နဂိုက ပွဲဆွေးသောကရောက်နေကြသူများမှာ အံ့သြစိတ်ဖြင့် ခေါင်းများပင်ထောင်လာခဲ့ကြလေ၏။

လူအုပ်စုလေး၏အဆုံးတွင် ထိုင်လျက်သား ရှိနေသော လူတစ်ဦးကို ဒေါ်အိဖြူသွားသတိထား မိလိုက်၏။

"မင်း မင်းနာမည်က ဘယ်သူလဲ"

ဒေါ်အိဖြူက လက်ညှိုးထိုး၍ မေးလာသည့်အတွက် ပထမတော့ ကြောင်အမ်းအမ်းဖြစ်သွားခဲ့သေးသည်။

"ဗျာ၊ ကျွန်တော့်ကို မေးတာလား ဟင်"

"ဟုတ်တယ်လေ၊ မင်းနာမည်က ဘယ်လိုခေါ်သလဲကွဲ့"

သူနှင့် အနီးကပ်ဆုံးပိုင်နေသည့် ချိုချိုနှင်းကပင် သူ့ကို ငဲ့ကြည့်မိလေသည်။ သူကတော့ ကြောင်

www.burmeseclassic.com

www.burmeseclassic.com



အမ်းအမ်းဖြင့်ပင် ဒေါ်အိမြှုမေးသည့်ကို ပြန် အဖြေပေး လိုက် မိသည်။

"ကျွန် ကျွန်တော့နာမည်က အောင်ထိုက်ပါ၊ ဒါပေမယ့် ကိုအောင်လို့ပဲ ခေါ်ကြပါတယ်"

"အေး၊ ဒါဆိုလည်း ကလေးမွေးခွင့်အတွက် မင်းကိုပါ ထည့်မေးရသေးတာပေါ့ကွယ်"

ကိုအောင်က တားမြစ်မည်ပြုသည်။ သို့သော် ဒေါ်အိမြှုက သူ့ဖာသာသူဆက်၍ ...

"ဒီမှာ ရှိနေသူအားလုံးကိုတော့ စုံအောင်မေးရမှာပဲ"

ဟုဆိုကာ တစ်ဘက်သို့ ပြန်လှည့်သွားလေသည်။

ထို့နောက် ဘယ်သူမှ မတားမြစ်နိုင်ခင်မှာပင် ချိန်ခွင်အား မြှောက်ချီမကာ ခပ်စူးစူးအသံဖြင့် မေးလိုက်လေတော့၏။

"ကဲ မြမြနှင်းရေ၊ ကျန်ခဲ့တဲ့ကလေးကို ဟော့ဒီက ကိုအောင့်ဆီရော ပေးခဲ့ချင်သလား"



သူ့စကားသံ ဆုံးဆုံးချင်းပင် ...

ထူခြားမှုများ သိသာစွာဖြစ်ပေါ်လာခဲ့ချေသည်။

ချိန်ခွင်လေးမှာ ...

ရုတ်တရက် ချာချာလည်၍ သွား၏။

လေလည်း ပြင်းပြင်း မတိုက်ပါဘဲနှင့် ရုတ်တရက်လှုပ်ရှားသွားသည့်အတွက် အားလုံးအံ့သြကုန်ကြ၏။ မှတ်နေအောင် လည်ပတ်နေသည်မှာ ရပ်ပဲ မရပ်နိုင်တော့။

ဒေါ်အိမြှုက အနည်းငယ် အလျှင်စလိုဖြစ်နေသော အသံဖြင့် နောက်တစ်ခေါက် ထပ်မေးလိုက်လေသည်။

"ကိုအောင့်ကို ကလေးမွေးဖို့ ပေးခဲ့ချင်သလား မြမြနှင်း"

ရုပ်မြင်သံကြားအနေးပြကွက်တစ်ခုနှင့် တူလွန်းလှပါတော့သည်။ ဒေါ်အိမြှု နောက်တစ်ခွန်းမေးသံ အဆုံးမှာပင် ချာချာလည်နေသော ချိန်ခွင်လေးသည် ဆတ်ကနဲရပ်တန့်ကာ တစ်ဘက်သို့ တဖြည်းဖြည်းကွေး

www.burmeseclassic.com

www.burmeseclassic.com



ညွတ်ကျလာလေတော့၏။

ချိန်ခွင်လျှာကလေး တစ်စထက်တစ်စ ပြူ ထွက်လာသည်ကို ကြည့်ကာ အားလုံးမင်သက်မိသလို ဖြစ်နေကြလေ၏၊

သိသိသာသာ

တဖြည်းဖြည်း ပိုပိုထင်ရှားစွာပင်

ချိန်ခွင်လေးမှာ ညွတ်ညွတ်ကျသွားပြီး တစ်နေရာအရောက်၌ ရပ်တန့်သွားလေတော့သည်။

အလေးချိန်တူသော ငွမ်းလေးနှစ်စ တစ်ဘက်စီ ထည့်ထားသော ချိန်ခွင်မှာ ဘာကြောင့် စောင်းကျသွားရပါသနည်း။

ခုနအချိန်တွေကျန်းက ဘာထူးခြားမှုမျှမပြဘဲ ခုကျမှ ဖြစ်သွားတာကျတော့လည်း စဉ်းစားမရနိုင်စရာ ကောင်းလှတော့သည်။

အားလုံး၏ ရင်ထဲတွင် တူညီသော အံ့သြမှုတို့ ကိုယ်စီ။ မဝေခွဲနိုင်သလို မျက်ဝန်းအားလုံးမှာ ကိုအောင့်ဆီသို့သာ ဦးတည်မိကြလေတော့၏။



ကိုအောင်ကလည်း သူ့ဆီ စုပြုံလာသည့် မေးမြန်းချင်သလို အကြည့်များအား ဘယ်လိုမှ မဖြေရှင်းပေးနိုင်ခဲ့။

ခေါင်းခါသက်ပြင်းချရုံမှလွဲ၍ သူလည်း ဘာမှ မတတ်နိုင်တော့သည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)



ယခင်ကဆိုလျှင် ကိုအောင်နှင့် ကိုဝင်းမောင်မှာ သိပ်မရင်းနှီးလှသော်လည်း အခေါ်အပြောတော့ ရှိကြပါသေးသည်။

ဘာပဲဖြစ်ဖြစ် ကိုအောင်က မကြာခင် မြမြနှင်း အစ်မချိုချိုနှင်းနှင့် ယူတော့မှာဆိုတော့ မယားညီအစ်ကိုတွေ ဖြစ်လာကြတော့မှာမဟုတ်လား။

မြမြနှင်း ရုတ်တရက်ဆုံးသွားတော့လည်း အသုဘကိစ္စအဝဝ၌ အားကျိုးမာန်တက် လိုက်ကူညီပေးခဲ့သည်မို့ ပိုလို့ပင်ရင်းနှီးခဲ့ကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်

လိပ်ပြာခွဲခဲ့သော ညတစ်ညသည်ပင် သူတို့နှစ်ယောက်ကြားမှ ဆက်ဆံရေးအားလုံးကို ဖြိုချ ဖျက်ဆီးလိုက်သည့်နယ် ရှိခဲ့ချေတော့၏။

အဓိကအားဖြင့် ...

သူတို့စိတ်ဝမ်းကွဲခဲ့ရသည်မှာ ဘေးစကားများကြောင့်လည်း ဖြစ်ပါချေသည်။

ပတ်ဝန်းကျင်ရှိလူတိုင်းလိုလိုက လိပ်ပြာခွဲသည့်ညမှ ထူးဆန်းသော အဖြစ်အပျက်ကို တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိကြလေ၏။

ကြားသိသူတိုင်းကလည်း တစ်ခွန်းထဲ ရေရွတ်ဖြစ်ကြသည်။

"ဘာကြောင့်များ ကလေးကို ဘာမှမဆိုင်တဲ့သူစိမ်းဆီမွေးဖို့ ပေးချင်ရသလဲ မသိဘူးနော်၊ ကလေးဆိုတာ အဖေအရင်းကသာ စိတ်အချရဆုံး မဟုတ်လား"

ထိုသို့ အစပြုကာ တစ်ယောက်တစ်ပေါက်



ဝေဖန်ကြလေတော့၏။

ထင်ကြေးတွေကလည်း အမျိုးမျိုး။

မြမြနှင်းအသက်ရှိစဉ်က ကိုအောင်နှင့် ရင်းရင်းနှီးနှီးနေခဲ့သည့် အကြောင်းများလည်းပါ၏။

တကယ်တမ်း ကိုအောင်က မြမြနှင်းနှင့် ပိုရင်းနှီးခဲ့သူမဟုတ်လား။ ကိုဝင်းမောင်နှင့် ယူမယ့်သာ ယူဖြစ်သွားသော်လည်း ကိုအောင်နှင့်က ဟိုးအရင်ကတည်းက ပိုစော သိကျွမ်းခဲ့သူများ ဖြစ်လေသည်။

ပြီးတော့ ကိုဝင်းမောင်နဲ့ ရုတ်တရက် ယူဖြစ်သွားခဲ့တာရော၊ ယူပြီးသိပ်မကြာခင် ကိုယ်ဝန်ရ၊ နေ့မစေ့၊ လမစေ့ ကလေးမွေးခဲ့တာရော သိသူတွေက ပြန်ဖောက်သည်ချလေတော့သည်။

ထိုစကားတွေမှာ နည်းလမ်းအမျိုးမျိုးဖြင့် ကိုဝင်းမောင်နားထဲ ပြန်ရောက်ခဲ့ရသည်။

နောက်ဆုံး သူနှင့် ကိုအောင် မခေါ်နိုင် မပြောနိုင်တွေ ဖြစ်ကုန်ကြတော့သည်ပေါ့။

နဂိုက မြမြနှင်းတို့အိမ်တွင် အကူနေခဲ့သူမှ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကလေးကိုယူကာ အိမ်ပြောင်းသွားခဲ့သည်။ မြမြနှင်းမိဘတွေတောင်းပန်သဖြင့် သိပ်ဝေးဝေးပြောင်းမသွားခဲ့သော်လည်း အဆက်အဆံအခေါ်အပြောတော့ မရှိသလောက်ပင် ဖြစ်သွားခဲ့လေသည်။

မြမြနှင်းမိဘတွေမှာ စိတ်မကောင်းရုံမှလွဲ၍ ဘာမှ မတတ်နိုင်ခဲ့။ ထိုကိစ္စများကြောင့် ချိုချိုနှင်းနှင့် ကိုအောင်တို့ လက်ထပ်ဖို့သည်ပင် အချိန်နောက်ဆုတ်သွားရသလို ရှိချေ၏။

ကိုအောင်မှာလည်း မျက်နှာပူရုံမှလွဲ၍ ဘယ်လိုမှ မဖြေရှင်း တတ်တော့သည်ဖြစ်၏။

အစိကအကျဆုံးမှာတော့

လိပ်ပြာခွဲသည့်ညက

ဘာလို့များ ကိုအောင့်ကို ကလေးမွေးဖို့ ရွေးချယ်ခဲ့သလဲဆိုသော ကိစ္စပင်ဖြစ်လေသည်။

ယင်းမှာ

ပြဿနာများစွာအား ပေါ်ပေါက်စေခဲ့သော အကြောင်းရင်းခံဖြစ်သလို



ခက်ခဲစွာ အဖြေရှာရမည့် ပုစ္ဆာတစ်ပုဒ်လည်း ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)



မြမြနှင်းအဖေ ဒေါက်တာသက်နှင်းသည် တက္ကသိုလ်မှ ကထိကဟောင်းတစ်ဦးဖြစ်ကာ အငြိမ်းစား ယူပြီးသောအခါ သူ့အိမ် နှစ်ထပ်တိုက်အောက်ခန်းတွင် ဓာတုဗေဒအဓိကဘာသာတွဲကို ကျူရှင်ပြခြင်းဖြင့် အသက်မွေးခဲ့၏။

တကယ်ပညာတော်ပြီး အသင်အပြလည်းကောင်းသည်မို့ သူ့ကျူရှင်တွင် လူတော်တော်များပါသည်။

သို့သော် လိပ်ပြာခွဲသည့်ညအပြီး သိပ် မကြာခင်မှာပင် ခြောက်ခြားဖွယ် အဖြစ်အပျက်များစွာအား

www.burmeseclassic.com

www.burmeseclassic.com



သူ့ ကျူရှင်လာတတ်သူများ ကြုံခဲ့ကြရလေတော့၏။

အရင်ဆုံးကြုံရသည်မှာ စာအတော်ဆုံး ကျောင်းသူဖြစ်သော ဝတ်မှုန်ဆိုသည့် ကောင်မလေးတစ်ယောက်ပင် ဖြစ်လေသည်။

✸



ထိုနေ့က ...

ကျူရှင်ချိန် စောနေသေးသဖြင့် ကျောင်းသူကျောင်းသားများ စုံစုံလင်လင် မရောက်ရှိကြသေးချိန်မှာ ဖြစ်သည်။

ကြိုရောက်နေသော ကျောင်းသူ လေးငါးယောက်သာရှိရာ အပြင်ထွက်၍ မုန့်လေးဘာလေး ဝယ်စားကြရန် အဖော်စပ်ကြ၏။

ဝတ်မှုန်ကတော့ ခေါင်းနည်းနည်းကိုက်ချင်သလို ဖြစ်နေ၍ လိုက်မသွားခဲ့။

ထို့ကြောင့်ပင်လျှင် ခြောက်ခြားဖွယ်ဖြစ်ရပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သူမတည့်တည့်တိုးခဲ့ရခြင်း ဖြစ်လေတော့သည်။

ကျူရှင်ချိန်မှာ ညနေပိုင်းဖြစ်သဖြင့် ပြင်ပ၌ မှောင်ရီပျိုးစပြုနေလေပြီ။

ဝတ်မှုန်သည် ကျောင်းစာအုပ် တစ်အုပ်လှန်ကာ ထိုင်ဖတ်နေလိုက်သည်။

စာအုပ်ဖတ်ပြီး သိပ်မကြာခင်မှာပင် ...

စိတ်ထဲ မသိုးမသန့်သလိုလို ဖြစ်လာမိ၏။

သူမအား တစ်ယောက်ယောက်က လှမ်းကြည့်နေသကဲ့သို့ ခံစားလာရသည်။

သူမတို့ ကျူရှင်ခန်း၏အဆုံးတွင် ဝိုက်ဘုတ်ရှိပြီး ထိုဝိုက်ဘုတ်နံဘေး၌ လိုက်ကာစဖြင့် ကာရံထားသော နောက်ဖေးသို့ ထွက်ပေါက်ရှိလေသည်။

ထိုနောက်ဖေးဘက်တွင် အပေါ်ဘက်သို့တက်သော လှေကားရှိရာ ဒေါက်တာသက်နှင်းက ထိုလှေကားပေါက်မှ ဆင်းလာပြီး စာသင်တတ်လေ၏။

ဝတ်မှုန်သည် လိုက်ကာစနောက်ကွယ်မှ တစ်စုံတစ်ယောက် သူမအားချောင်းကြည့်နေသလို စိတ်၌ထင်



မြင်ခဲ့မိသဖြင့် ဖြတ်ကနဲလှမ်းကြည့်လိုက်မိ၏။

ဘယ်သူ့ကိုမှ မတွေ့ရ။

သို့သော် လိုက်ကာစ အနည်းငယ်လှုပ်ရှားသွားသလို ထင်မိ၏။

စာထဲ စိတ်ပြန်သွင်းရန် ကြိုးစားသည်။

သို့သော်

စိတ်မှာ ထူးထူးခြားခြား တုန်လှုပ်နေမိသလို ရှိ၏။

ဖျပ်ကနဲ လိုက်ကာစနောက်မှ အရိပ်သဏ္ဌာန်ကို မြင်ရပြန်သည်။

ဒီတစ်ခါတော့ အာရုံက စာအုပ်ထဲရှိမနေသဖြင့် သေသေချာချာကို သတိထားမိလိုက်ခြင်းဖြစ်၏။

လိုက်ကာနောက်ကွယ်မှ တစ်ယောက်ယောက် သူမကို ချောင်းကြည့်နေတာတော့ သေချာပါပြီ။

ဝတ်မှုန်သည် နေရာမှ ဆတ်ကနဲထကာ လိုက်ကာဆီ လျှောက်သွားလိုက်၏။ ဗိုးဗိုးဗတ်ဗတ်ပင်လိုက်ကာကိုလှန်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်သူမှ မတွေ့ရ။

ဟိုဟိုဒီဒီ ရှာကြည့်သော်လည်း အရိပ်အယောင်မျှပင် မမြင်ရပါ။

ကိုယ့်ဖာသာ အမြင်မှားတာဟုပဲ ဝတ်မှုန်ယူဆလိုက်မိပါသည်။ ခုနက ခေါင်းလည်း ကိုက်နေတာဆိုတော့ အာရုံထွေပြားပြီး လျှောက်ထင်မြင်မိခြင်း ဖြစ်မည်ဟု ကောက်ချက်ချလိုက်ပြီး လိုက်ကာနားမှ ပြန်လှည့်လာခဲ့၏။

သို့သော် …

ထိုယူဆချက်အား ချေဖျက်မည့်အရာတစ်ခုမှာ ဆက်တိုက်ပင် ဖြစ်ပေါ်လာခဲ့ပါလေ၏။

"ဟယ် ဝတ်မှုန် နောက်မှာ …"

ဟူသော အာမေဋိတ်သံတွင် ကြောက်လန့်သလို ဟန်ကအထင်းသား။

ရုတ်တရက် ကြားလိုက်ရခြင်းဖြစ်သဖြင့် ဝတ်မှုန်ပင် ဆတ်ကနဲတုန်သွားမိလေ၏။

အသံထွက်ပေါ်ရာ အဝင်ပေါက်ဝဆီ လှမ်း



ကြည့်တော့ …

မုန့်သွားဝယ်ကြသော ကျောင်းသူလေးများ ပြန်လာကြသည်ကို တွေ့လိုက်ရ၏။

သူတို့ထဲမှ တစ်ယောက်က လှမ်းအော်လိုက်ခြင်းဖြစ်သည်။ သူတို့အားလုံး၏ အကြည့်တို့မှာ ဝတ်မှုန်အားကျော်ကာ နောက်ဘက်တစ်နေရာသို့ ရောက်ရှိနေကြလေ၏။

ဝတ်မှုန်မှာ ရုတ်တရက် နောက်ဘက်ပြန်လှည့်မကြည့်ရဲသလို ဖြစ်သွားခဲ့သည်။

နေရာမှလည်း မရွှေ့ရဲ။

အမောတကောဖြင့် လှမ်းမေးလေ၏။

"ဘာလဲဟင်၊ ဘာဖြစ်လို့လဲ"

"နင့်နောက်ဘက် လိုက်ကာအထဲမှာ ဆံပင်ဖားလျားကြီးနဲ့ ဖြူဖြူကြီး ရပ်နေတယ်"

ဝုန်းကနဲ …

ဝတ်မှုန် ရှေ့သို့ပြေးသွားခဲ့မိလေတော့၏။

ဝင်လာသူများနှင့် ဆုံဆည်းမိသောအခါမှ

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ သူမပြန်ကြည့်နိုင်ခဲ့သည်။

သို့သော် ...

ဘာကိုမှ မတွေ့ရတော့။

အငမ်းမရပင် ကောင်မလေးတွေကို လိုက်မေးမိ၏။

"ဘာလဲ၊ နင်တို့ ခုနက ဘာကိုမြင်လိုက်လို့လဲဟင်"

သူမ သိပ်ကြောက်သွားမှန်းသိသဖြင့် ကောင်မလေးတွေက ဖော့ပြောကြပါသည်။

"ငါတို့ အမြင်မှားသွားတာလဲ ဖြစ်ချင်ဖြစ်မှာပါ၊ အလင်းထဲက မှောင်သလိုရှိနေတဲ့နေရာထဲ ဝင်လာလိုက်တော့ ..."

"ဟုတ်ပါပြီ၊ အမြင်မှားတာပဲဖြစ်ဖြစ် နင်တို့ခုနက ဘာကိုမြင်လိုက်သလဲ ဆိုတာသာ ပြောစမ်းပါ"

"အဲဒါက လိုက်ကာနောက်မှာ ရှိနေတာ ဆိုတော့ သိပ်တော့မသဲကွဲဖူး ဟဲ့၊ လူပုံလိုပဲ ဆံပင်



ဖားလျားကြီးနဲ့ ဖြူဖြူကြီး"

နောက်တစ်ယောက်က ဆက်ပြောပြ၏။

"ဘာလိုလဲ မသိဘူး၊ အဲဒီအရိပ်လိုလိုကို တွေ့လိုက်မိတာနဲ့ ငါ့စိတ်ထဲ ဒိန်းကနဲ ဖြစ်သွားသလိုပဲ၊ ဒါ့ကြောင့် အော်လိုက်မိတာ"

ပြီးတော့ ဝိုင်းဖြေပြောကြပါသည်။

"အမြင်မှားတာပဲ ဖြစ်မှာပါဟာ၊ ကြည့်ပါလား ခုတော့ ဘာမှ မရှိတော့တဲ့ဟာ"

မည်သို့ပင်ဖြစ်စေ ဝတ်မှုန်ကတော့ အမြင်မှားခြင်းမဟုတ်ဟု အသေအချာ ယုံကြည်သွားမိပါသည်။

သို့ဖြင့်

နောက်တစ်နေ့မှာပင်

သူမ ထိုကျူရှင်မှ လုံးဝ ထွက်သွားလေတော့၏။

✸

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာထဲ၌လည်း

ထိုကဲ့သို့ ထူးခြားသော အဖြစ်မျိုးကို ကြုံတွေ့ရသူတို့ ရှိခဲ့သေးသည်။

ကောင်မလေးတစ်ယောက် အိမ်သာတက်နေစဉ် အပြင်မှ လူတစ်ယောက် လျှောက်လာသော ခြေသံတရှပ်ရှပ်ကို ကြားခဲ့ရသည် ဆို၏။

ကောင်မလေး ၏ တခြားကျောင်းသူတစ်ယောက် အိမ်သာတက်ချင်လို့ လာသည်ဟုပဲ ထင်မိ၏။

"ဟော့ ... ခဏနော်၊ ငါ ဝမ်းလျှောချင်သလို ဖြစ်နေလို့ အိမ်သာတက်တာ နည်းနည်းတော့



ကြာမယ်"

ဟုပင် အော်လိုက်မိသေး၏။

ခြေသံတရှပ်ရှပ်က ရပ်တန့်သွား၏။

သို့သော် ဘာတုံ့ပြန်သံမှ ပေါ်မလာ။

ကောင်မလေးက ထို အပြင်မှာရှိနေသူ ထွက်သွားလောက်ပြီဟုပင် ထင်မိသေးခဲ့၏။

သို့သော် ခဏအကြာမှာတော့

ခြေသံတရှပ်ရှပ်ကို ပြန်ကြားရပြန်၏။

ကောင်မလေးမှာ အိမ်သာတက်ရတာ စိတ်မဖြောင့်တော့။ မနေနိုင်သည်နှင့် ပြောလိုက်မိသည်။

"ဒီအိမ်အပေါ်ထပ်မှာလည်း အိမ်သာတစ်လုံးရှိသေးတယ်လေ၊ ဆရာတို့ကိုပြောပြီး တက်လို့ရတယ်"

ဒီတစ်ခါမှာလည်း ဘာမှ မတုံ့ပြန်။

ခြေသံတရှပ်ရှပ်ကလည်း ရပ်မသွားခဲ့ပါ။

ကောင်မလေး စိတ်ပင်တိုလာချင်သလို ဖြစ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဟာလဲ မသိဘူး"

ဟု ခပ်တိုးတိုး ရေရွတ်သည်။

ထိုစဉ်မှာပင် ခြေသံတရှပ်ရှပ်က ပို၍ ကြမ်းလာလေတော့၏။

ပျာယာခတ် လျှောက်သွားနေသလိုမျိုးပင် ခြေသံတွေက လှုပ်လာခေါက်တုံ့ ကြားနေရ၏။

ကောင်မလေး ဒေါသဖြစ်ဖြစ်နှင့် အိမ်သာသွားလက်စကို အမြန်ဖြတ်သည်။

ပြီးတော့ ရန်တွေ့ရန် …

ဝုန်းကနဲ အိမ်သာတံခါးဖွင့် ထွက်လိုက်လေ၏။

ခြေသံတွေက တိကနဲ ရပ်သွားခဲ့သည်။

အိမ်သာအပြင်မှာလည်း ဘယ်သူမှ ရှိမနေခဲ့ပါချေ။

စာသင်ခန်းထဲသို့ သူမ ပြန်လည်ဝင်ရောက်လာသောအခါမှာတော့ ပို၍ပင် အံ့သြစရာကြုံရပါလေသည်။

ကျူရှင်ဆင်းသွားပြီဖြစ်သဖြင့် ကျောင်းသား



ကျောင်းသူတစ်ယောက်မှ စာသင်ခန်းမှာ ရှိမနေကြတော့ပါ။

အတော်စောစောကတည်းကပင်

တစ်ယောက်မကျန် …

အကုန်ပြန်သွားကြပြီဖြစ်ကြောင်း သိခဲ့ရပါလေ၏။

✸

www.burmeseclassic.com



ကောင်လေးတစ်ယောက်ကျတော့ …

အကောင်အထည်ပင် မျက်ဝါးထင်ထင် မြင်လိုက်မိသည်ဟု ပြန်ပြောပြပါသည်။

ထိုနေ့က ကျူရှင်တွင် သူ့MP3လေး မေ့ကျန်ခဲ့သဖြင့် ထိုကောင်လေးက ပြန်လာယူခဲ့သည်။

သူက နောက်ဘက်နားက ခုံတွင် ထိုင်သူဖြစ်ရာ အပေါက်ဝဘက်မှ ဝင်ဝင်ချင်းပင် သူထိုင်လေ့ရှိရာ ခုံသို့ ရောက်၏။

ခုံပေါ်တွင် ရှိနေဆဲဖြစ်သော သူ့MP3ကို ယူအပြီး ပြန်ထွက်မည်ပြုစဉ်မှာပင် အရှေ့ဘက်ခုံတန်းနား၌



ထိုင်နေသော မိန်းကလေးတစ်ယောက်ကို သတိပြုမိခဲ့လေ၏။

ခုနဝင်လာစဉ်က မတွေ့မိသည်ကို သတိထားလိုက်မိသော်လည်း ရှည်ရှည်ဝေးဝေးမစဉ်းစားဖြစ်ပဲ လှမ်းပြောလိုက်မိ၏။

"ဟဲ့ ခုထိမပြန်သေးဘူးလား၊ ဘာထိုင်လုပ်နေတာလဲ"

မိန်းကလေးက ဘာမှ မတုံ့ပြန်။

လှည့်၍ပင် မကြည့်ရာ သူ့စိတ်ထဲ နည်းနည်းမခံချင်သလို ဖြစ်သွားရ၏။

ရှေ့နားတိုးသွားကာ လက်တို့ လှမ်းခေါ်မည်ပြုသည်။ ပါးစပ်နဲ့မှပြောမရတာ နည်းနည်းတော့အကြောင်းပြရပေမည်။

သို့သော် မလှမ်းမကမ်း အရောက်မှာပင် …

ကောင်လေးစိတ်ထဲ ထိတ်ကနဲ ဖြစ်သွားရလေ၏။

ထိုင်နေသော မိန်းကလေးသည် ဆံပင်ကို ဖား

www.burmeseclassic.com

www.burmeseclassic.com



လျှားကြီး ဖြန့်ချထားလိုက်သည်မှာ ဘေးဘက်က ကြည့်၍ပင် မျက်နှာကို မမြင်ရ။

ကောင်လေးစိတ်ထဲ မသိုးမသန့်ဖြစ်သွားကာ ခြေလှမ်းများတုံ့ကနဲ ဖြစ်သွားရလေ၏။

ဒီလိုပုံစံ အသွင်မျိုးအား ကျောင်းသူတွေထဲမှာ သူ တစ်ခါမှ မမြင်ဖူးသည်ကို အမှတ်ရလိုက်မိ၏။

သူ့ခြေလှမ်းများရှေ့ကို ဆက်မတက်ဝံ့တော့။

"ဟဲ့၊ ဒီမှာ ငါခေါ်နေတယ်လေ"

ဟု မပွင့်တပွင့် တစ်ခွန်းသာမေးဖြစ်သည်။

မိန်းကလေးထံမှ စကားသံ ထွက်ပေါ်မလာ။

ကောင်လေး၏ ရှေ့မတိုးဝံ့ဘဲ ဖြစ်နေသော ခြေလှမ်းများမှာ တုန့်လှုပ်စွာ နောက်သို့ ဆုတ်မိလေတော့၏။

အကြည့်ကတော့ ထိုင်နေသော မိန်းကလေး အသွင်ဆီမှ မလွှဲဖယ်သေးပါ။ ထိုဘက်ဆီ မျက်နှာပြုရက်သားပင် နောက်ဆုတ်နောက်ဆုတ် ထွက်လာမိခဲ့ခြင်းဖြစ်သည်။

အပေါက်ဝအရောက်မှာတော့



သူ့အရဲစွန့်ကာ နောက်ဆုံးတစ်ခွန်း အသံပြုကြည့်မိခဲ့သေးသည်။

"ဟေ့ နင်ဘယ်သူလဲ၊ ငါ့ကို တမင်တကာ နောက်နေတာမဟုတ်လား၊ လာနောက်မနေနဲ့၊ ငါ ငါက စေတနာနဲ့ ပြောတဲ့ဟာ"

ဘာကြောင့်ရယ်မသိ။

ကျောင်းသူ တစ်ယောက်ယောက်က တမင်နောက်ပြောင်နေသည်ဟု ထင်ချင်သော်လည်း ကောင်လေးစိတ်ထဲ ထူးခြားစွာ ခြောက်ခြားနေမိပါသည်။

အနားသို့သာ ကပ်သွားလိုက်ပါလျှင် တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်ပျက်တော့မည့်နှယ် ထင်မြင်မိလေ၏။

နောက်ဆုံးတစ်ခွန်းပြောပြီးချင်း၌ ကောင်လေး အပေါက်ဝမှာ အသာစောင့်ကြည့်နေသေး၏။

ဘာစကားမှ တုံ့ပြန်ခြင်းမတွေ့ရပြန်ပဲ သူတချိုးထဲ ထွက်လာခဲ့ မိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)



သတင်းစကားတို့မှာ လျှင်မြန်စွာ ပျံ့နှံ့၍သွားလေသည်။

ကျူရှင်မှာ ကြုံတွေ့ကြရသော အဖြစ်အပျက်အလုံးစုံတို့သည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရပ်ကွက်ထဲ အုပ်အော်သောင်းတင်း ပြောဆိုနေကြလေ၏။

ကိုဝင်းမောင်လည်း ထိုသတင်းတို့အား ကြားရပါလေသည်။

သို့ဖြင့် ...

ညနေပိုင်းတစ်ခုမှာတော့

ကျူရှင်သင်ရာအခန်းသို့ သူ ရောက်လာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုစဉ်က …

စာသင်ပြီးစဖြစ်၍ ဦးသက်နှင်းတစ်ယောက် အနားယူနေချိန် ဖြစ်လေသည်။

အောက်ထပ် စာသင်ခန်းဆီမှ အသံလိုလိုကြား ရသဖြင့် ဦးသက်နှင်း ဆင်းလာခဲ့လိုက်မိသည်။

ကျောင်းသားတစ်ယောက်ယောက် စာမေးဖို့ပြန် လာသည်ဟု ထင်လိုက်မိသည်။

စာသင်ခန်းထဲမှာ သူ့စာရွက်စာတမ်းတစ်ချို့ လည်း ကျန်နေသေးသဖြင့် ဦးသက်နှင်းကိုယ်တိုင် ဆင်း လာခဲ့ခြင်း ဖြစ်ပါသည်။

အောက်ထပ်စာသင်ခန်းထဲမှာရောက်သောအခါ သူမမျှော်လင့်သူကို တွေ့လိုက်ရသဖြင့် ဦးသက် နှင်း အံ့သြသွားခဲ့ရသည်။

"ဟင်၊ မောင်ဝင်းမောင်"

အံ့သြစွာနှုတ်ဆက်မိသော်လည်း ကိုဝင်းမောင် က မတုံ့ပြန်။ စာသင်ခန်းတစ်ခုလုံးကို ကျိုးကန်းတောင်



မျှော်ကြည့်ရင်း တစ်စုံတစ်ခုကို ရှာဖွေနေသလိုရှိ၏။

မျက်လုံးများမှာ မျက်တွင်းတို့ ဟောက်ပက်ကျ ကာ ညှိုးခြုံးလျက်။ မတွေ့ရခဲ့သော အချိန်ကလေး အနည်းငယ် အတွင်းမှာပင် ရုပ်ဆင်းသဏ္ဌာန်များစွာ ပြောင်းလဲသွားခဲ့လေပြီ။

"ဘာကိစ္စရှိလို့လဲ မောင်ဝင်းမောင်"

ဦးသက်နှင်းက ခုနကထက် ပိုဟိန်းသော အသံ နေအသံထားဖြင့် ထပ်မေးလိုက်သည်။

ကိုဝင်းမောင်မှာ အခုမှ အိပ်ရာမှ နိုးလာသည့် နှယ် ဆတ်ကနဲဖြစ်သွားပြီး … ဦးသက်နှင်းအား ပြူး ကြောင်ကြောင်ပြန်ကြည့်လျက် မပွင့်တပွင့် ပြေလေ သည်။

"ကျွန် … ကျွန်တော် မြလေး၊ အဲ မြမြနှင်းကို လာရှာတာပါ"

ဦးသက်နှင်းက သက်ပြင်းတစ်ချက် ရှိုက်လိုက် မိသည်။

"မြမြနှင်းက သေသွားပြီပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လူတွေပြောနေကြတယ်လေ၊ဒီမှာ ထူးထူးခြားခြားတွေ ဖြစ်နေတယ်တဲ့၊ အဲဒါ… အဲဒါ မြလေးပဲ ဖြစ်မှာပေါ့"

ဦးသက်နှင်း ခန္ဓာကိုယ်မှာ ခပ်တောင့်တောင့် မတ်မတ် ဖြစ်သွားလေ၏။

"အလကား ပေါက်ပန်းဈေးတွေကွယ်၊ကလေးတွေ သူတို့ဖာသာ ထင်ရာမြင်ရာပြောနေကြတာပါ၊ မြမြနှင်းနဲ့ ဘာမှ မဆိုင်ပါဘူး"

"မဟုတ်ဘူး အန်ကယ်ရယ်၊ ကျွန်တော် … ကျွန်တော် မြလေးကို တွေ့မှဖြစ်မယ်၊ ကျွန်တော် မြလေးကို အရမ်းမေးချင်နေတယ်ဗျာ၊ သူ ဘာကြောင့် ကလေးမွေးဖို့ကို ဟို ကိုအောင့် ဆီပေးခဲ့ချင်ရသလဲ၊ ကိုအောင်နဲ့ သူ့ကြားမှာ ဘယ်လို ပတ်သက်မှုတွေရှိနေသလဲ အရမ်းသိချင်တယ်"

ဦးသက်နှင်းမှာ ဒေါသဖျဉ်းကနဲ ဖြစ်သွားပုံရလေသည်။ မေးကြောများထောင်ထကာ မျက်နှာထား



မာကျောသွား၏။ သို့သော် ကိုဝင်းမောင်ကတော့ သတိပြုမိပုံမရ။

"မင်း အစွဲအလမ်းကြီးနေပြီ မောင်ဝင်းမောင်၊ လိပ်ပြာခွဲတဲ့ညက ကိစ္စတွေကိုလည်း သိပ်စိတ်ထဲ မထားစမ်းပါနဲ့၊ ဒီလို ချိန်ခွင်လေး ယိမ်းချင်ရာယိမ်းတဲ့ ကိစ္စကို သိပ်အလေးထားနေစရာ မလိုပါဘူးကွာ"

"ကျွန်တော်ကတော့ အလေးထားတယ် အန်ကယ်၊ ကျွန်တော့်စိတ်ထဲ အဲဒီနေ့ပြီးကတည်းက တအုံနွေးနွေးဖြစ်နေတာ၊ အခုမှ မြလေးနဲ့ တွေ့ပြီး မေးရတော့မယ်၊ မြလေးကို ဘယ်လို ဆက်သွယ်လို့ရမလဲ ပြောပြစမ်းပါ၊ အန်ကယ်ရယ်"

"မင်း မင်း လွန်လာပြီကွာ၊ မောင်ဝင်းမောင်"

"ဗျာ၊ ကျွန်တော်က ဘယ်မှာ လွန်လို့လဲ၊ ကျွန်တော့်မိန်းမ ကျွန်တော်တွေ့ချင်တာ မှားသလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်ပင်ဖြစ်သော်လည်း ဦးသက်နှင်း၏ ခံနိုင်ရည်တို့ ကုန်ဆုံးသွားလေပြီ။

သူက ရင်သွေးအရင်းခေါက်ခေါက် သမီးတစ်ယောက်လုံး ဆုံးရှုံးထားရတာ မဟုတ်လား။

မျိုသိပ်ထားခဲ့သမျှ ကြေကွဲမှု၊ ယခုရက်အတွင်း ကြုံဆုံနေသမျှသော အဖြစ်များအပေါ် စိတ်ရှုပ်နေမှုများသည် ရုတ်တရက် ပေါက်ကွဲထွက်လေတော့၏။

"မင်းက စွပ်စွဲနေတာလား မောင်ဝင်းမောင်၊ငါ့သမီးကပဲ အသက်ရှင်စဉ်က ဖောက်ပြန်ခဲ့သလို မင်း ထင်ချင်နေတာလား၊ ဘာမဟုတ်တဲ့ အကြောင်းပြချက်လေးအတွက်နဲ့ မင်း မျက်ကန်းယမ်းဆ လျှောက်ပြောမနေနဲ့ကွ၊ မင်း မျက်မှောက်မှာ ငါ့သမီး ဘာ အနေအထိုင်မမှန်ခဲ့တာ ရှိသလဲ၊ ပြီးတော့ မင်းပြောပုံက ငါ့သမီးပဲသရဲ ဖြစ်နေသလိုလိုနဲ့၊ ငါ့သမီးဟာ သူတော်ကောင်းလေးပါကွာ၊ ဒီလို တခြားသူတွေ ထင်ရာမြင်ရာလျှောက်ပြောရုံနဲ့ သူ့သိက္ခာကိုချဖို့ မကြိုးစား



စမ်းပါနဲ့"

"ကျွန်တော်က သိက္ခာချတာ မဟုတ်ပါဘူးဗျာ"

"ဒါဆိုလဲ မင်းပြန်တော့ကွာ"

"ဗျာ ! "

ကိုဝင်းမောင်က ယခုမှ အိပ်ရာမှနိုးလာသလိုဟန်ဖြင့် ဦးသက်နှင်းကို ကြည့်မိသည်။ ဦးသက်နှင်း၏ မျက်နှာတွင် အရှက်နှင့် ဒေါသကို အထင်းသားမြင်ရလေ၏။

ဟိန်းညံနေသော အသံဖြင့် ဦးသက်နှင်းက ယတိပြတ်စကားကို ပြောလိုက်သည်။

"မင်းကိုပြန်တော့လို့ ပြောနေတာကွ၊ ငါ့စိတ်တွေ လုံးဝလွတ်ထွက်မသွားခင် မင်း ပြန်လိုက်တော့ကွာ၊ နို့မို့ဆို ဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်မယ်"

ပြောပြီးပြီးချင်းပင် ဦးသက်နှင်း တဖက်သို့မျက်နှာလွှဲလိုက်သည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆုတ်ထားလိုက်မိသည်ကို ကိုဝင်မောင် မမြင်လိုက်မိပါချေ။

"ကျွန်တော့်ကို အန်ကယ် အထင်လွဲနေပြီနဲ့တူ ..."

"တော်ကွာ ဟောကောင်၊ ဘာစကားမှ မပြောနဲ့တော့၊ မင်းပြန်မလား မပြန်ဘူးလား"

"ကျွန်တော် ပြော ..."

"မင်း ... မင်း ... သွားစမ်းကွာ"

ဦးသက်နှင်းသည် ဝုန်းကနဲ ပွင့်ထွက်လာသော အသံကျယ်ကျယ်လောင်လောင်နှင့်အတူ ကိုဝင်းမောင်ကို တွန်းထုတ်လိုက်လေ၏။

ပါးစပ်အဟောင်းသား မျက်နှာနှင့် ကိုဝင်းမောင် အပေါက်ဝဆီ လှုင့်စင်သွားသည်။ သို့သော် ထွက်သွားရန် ရည်ရွယ်ချက်ရှိပုံမပေါ်ပဲ ယိမ်းယိုင်လဲပြိုမလို ဖြစ်ရာမှ ပြန်ထကာ အခန်းထဲ ပြန်ဝင်ရန်ခြေလှမ်းပြင်လေသည်။



ဦးသက်နှင်း အံကြိတ်လိုက်မိ၏။

လက်သီးကို ကျစ်သထက်ကျစ်အောင် ဆုပ်သည်။

ကိုဝင်းမောင် အနားရောက်လာသည်နှင့် ဆွဲထိုးပစ်ရန် အသင့်ဖြစ်နေလေပြီ။

ကိုဝင်းမောင်ကလည်း တစ်လှမ်းပြီး တစ်လှမ်း သူနှင့် နီးကပ်လာလေ၏။

တိုင်းဗုံးတစ်ခု၏ ပေါက်ကွဲလုဆဲဆဲလိုအချိန် စိတ်ဆင်ခြင်တုံတရားတို့ ခေတ္တပျောက်ကွယ်သွားတော့မလိုအချိန်တွင် မထင်မှတ်သောအဖြစ်အပျက်တစ်ခုမှာ ရုတ်တရက် ဖြစ်ပေါ်လာလေတော့၏။

ငိုသံတစ်ခု ဖြစ်ပါသည်။

ရုတ်တရက်

ဦးသက်နှင်းရော ကိုဝင်းမောင်ပါ ကြားလိုက်ရ၏။

တစ်စုံတစ်ယောက် နိုကိုးရာမဲ့သလို ချုံးပွဲချငိုသံမျိုး။ စိတ်ညစ်ညူးစွာ အော်ဟစ်မြည်တမ်းသလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



ငိုသံတစ်ခု ဖြစ်လေ၏။

ထိုငိုသံသည် …

သူတို့ နှစ်ယောက်လုံး၏ ဒေါသနှင့် မောဟများအား ရပ်တန့်သွားစေခဲ့သလို သူတို့နှစ်ယောက်လုံး နှုတ်မှ အာမေဋိတ်သံတစ်ခုစီ အသီးသီး ထွက်ပေါ်လာစေလေ၏။

"ဟင် သမီး"

"မြလေးအသံနဲ့ တူလိုက်တာ"

ငိုသံမှာ စူးစူးရှားရှားတစ်ချက်သာ ထွက်ပေါ်လာကာ ချက်ချင်းပြန်ရပ်တန့်၍ သွားသည်။

မျက်နှာချင်းဆိုင်နေသူနှစ်ယောက်မှာ နေရာတွင်ပင် အသေရပ်တန့်တုံ့ဆိုင်းသွားကြကာ ငိုသံ နောက်ထပ်များ ထွက်ပေါ်လာလေဦးမလားဟု နားစွင့်နေမိ၏။

သို့သော် …

ငိုသံသည် ထပ်မံပေါ်ထွက်လာခြင်း မရှိတော့။

ဘယ်အရပ်ကများ ထွက်ပေါ်လာခဲ့ပါသလဲဟု တောင်မြောက်လေးပါးလှည့်ကာ နှစ်ဦးလုံးရှာကြည့်မိ၏။



ထွက်ပေါ်ရာကိုကား မသိရှိရ။

ထိုအခါ …

ထိန်းသိမ်းနိုင်စွမ်းအားနည်းသော ကိုဝင်းမောင်က စတင်၍ စိတ်လွတ်ပါလေသည်။

လိုက်ကာနောက်ဘက် အိမ်နောက်ခန်းထဲပြေးဝင်သွားကာ ကြေကွဲဆို့နစ်နေသောအသံကြီးဖြင့် အော်ခေါ်လေ၏။

"မြလေးရေ၊ မြလေး မင်းဘယ်မှာလည်း မြလေးရယ်"

နောက်ဘေးဖက်၌ ဘာမှ မတွေ့ရသောအခါ အရှေ့ဘက် ပြန်ရောက်လာပြန်၏။ မျက်ရည်တို့တတွေတွေ စီးကျနေသောမျက်ဝန်းများကမူ ကျိုးကန်းတောင်မှောက် ဆက်လက်ရှာဖွေမိနေဆဲ။ အရှေ့ခန်းမှာ ဘာမှ မတွေ့ပြန်တော့ နောက်သို့တဖန်ပြေးပြန်လေသည်။

အထက်သို့လည်း မော့ကြည့်၏။ အောက်ချောင်ကြိုချောင်ကြားပါမကျန် ရှာကြည့်၏။ ဘယ်ဝယ် ဘယ်ဆီ မသိရသော တရပ်တစ်ပါးသို့လည်း ငေးမျှော်မိခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပါးစပ်ကတော့ မပြတ်တမ်း တမ်းတရေရွတ်နေမိဆဲ။

"မြလေး မြလေး၊ ဘယ်မှာရှိလဲ ပြောစမ်းပါဦးကွာ"

နောက်ဆုံး

အရူးတစ်ယောက်လို ကိုဝင်းမောင် ပြေးလွှားနေမိခြင်းကို ဦးသက်နှင်းက တားမြစ်ပါမှသာ ရစ်တန့်လေတော့သည်။

လက်မောင်းအား လှမ်းဆွဲလိုက်သော ဦးသက်နှင်း၏ လက်တွင်းဝယ် အားအင်ကုန်ခန်းသွားသလို ရပ်တန့်ရင်း မျက်နှာကြီးနီမြန်းကာ ကိုဝင်းမောင်မျက်ရည်ပေါက်ကြီးများတလိမ့်ချင်း ကျဆင်းနေမိသည်။

တင်းတင်းကိုက်ထားမိသော အောက်နှုတ်ခမ်းတို့ကတော့ ပြတ်ထွက်မတတ်၊ သွေးစို့နေခဲ့လေပြီ။

စာနာမှုများစွာဖြင့် ဦးသက်နှင်းမှာ ကိုဝင်းမောင်ကို ကျောကုန်းအသာပုတ်ကာ နှစ်သိမ့်နေမိ၏။



သူ့အား ဖြေသိမ့်နေသူသည်လည်း မျက်ရည်ဝဲနေသည်ကိုတော့ ကိုဝင်းမောင်တစ်ယောက် မကြည်လင်သော မျက်ဝန်းများကြောင့် မမြင်သိနိုင်ခဲ့ပါချေ။

ဖြေ့ဆလမ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)



မြမြနှင်း ကွယ်လွန်သည်မှာ တစ်လပြည့်မြောက်သောအခါမှာတော့ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးတော်တော်များများ လာရောက်ကြပါသည်။

တစ်ချို့ကလည်း ကောလဟာလများကို သိုးသိုးသန့်သန့်ကြားထားသဖြင့် တီးတိုးပြန့်ဖြန့်ဝေကြလေ၏။

ပြန့်လည်ကြားသိကြသော တစ်ချို့က သနားကြသည်။ တစ်ချို့ကလည်း လန့်ကြ၏။

မြမြနှင်း အပျိုဘဝကတည်းက နေခဲ့ပြီး သူမသေဆုံးသွားခဲ့သော အခန်းမှာတော့ ဘယ်သူမှ မတည်းရဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နှင်းတို့က ပေးမတည်းကြသလို ထို အခန်းမှာ မြမြနှင်းအသုံးအဆောင်များ ခုထိရှိသေး၍ ဖြစ်ပါသည်။

တော်ကြာ ထိုအသုံးအဆောင်တွေပေါ် စွဲလန်း ပြီး လာပြန်ယူနေရင် အခက်မဟုတ်လား။

ထိုအခန်းနှင့် ပတ်သက်၍ပင် အချင်းချင်း ယိုး မယ်ဖွဲ့ ပြောစရာတစ်ခုရနေသလို ရှိကြလေ၏။

"နင်တို့တွေ ဖြစ်နိုင်ရင် ဟိုအခန်းရှေ့ သိပ်မ ဖြတ်မိစေနဲ့နော်"

"ဘယ်အခန်းကိုပြောတာလဲ"

"ဟို မြမြနှင်းနေခဲ့တယ်ဆိုတဲ့ အခန်းလေ"

"ဩော် ဘာလို့လဲဟဲ့"

"မနေ့ညနေကလေ၊ ငါတစ်ယောက်တည်း သွားမိတာ အဲဒီအခန်းရှေ့လည်း ဖြတ်မိရော ရင်ထဲ စိမ့်ကနဲ ဖြစ်သွားတာပဲ၊ အသည်းတွေ အူတွေကို ဖြောင်းဆန်နေအောင်တုန်သွားသလို ဖြစ်လာတာနဲ့ အမြန်ပြေးခဲ့ရတယ်"



"ဟယ် ဟုတ်တယ် ဟုတ်တယ်၊ ငါလည်း အဲဒီ အခန်းရှေ့ဖြတ်မိတုန်းက ငိုချင်လာသလို လိုကြီး ခံစားရတယ်"

ချောချောဆိုသည့် အင်မတန် စပ်စပ်စုစုနိုင်လှ သော ကောင်မလေးက ဝင်မေးသည်။

"ဘာကိုတွေ့လိုက်မိလို့လဲ ဟင်"

"ဘာမှတော့ မတွေ့လိုက်ဘူးပေါ့၊ ဒါပေမယ့် အဲဒီအခန်းရှေ့ ဖြတ်တာနဲ့ကို ရင်ထဲအလိုလို ဖြစ်လာတာ၊ မသိစိတ်က အချက်ပေးနေသလို ပဲ၊ မသိုးမသန့်နဲ့၊ ကြောက်စရာတစ်ခုခုဖြစ်လာ တော့မှာ ကြိုသိနေမိတယ်"

ချောချောက ဘာမှ ပြန်မပြောတော့သော်လည်း မကျေလည်သလို ဖြစ်မိလေသည်။

ဒီလောက်လေးနဲ့များ ... ဘာမှုလောက်လို့လဲ။ တကယ်ဆို တစ်ခုခုဆိုးဆိုးရွားရွား ကြုံရတယ်ဆို ဟုတ် သေးတယ်။

အရာရာကို စူးစမ်းချင်မိသော အရွယ်လည်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်မို့ အထီးတီတလန့်ပြောနေသူများကို အကဲပိုရန် ကောဟုပင် သူမ ထင်မြင်မိခဲ့လေ၏။

စိတ်က

ကြောက်တော့ ကြောက်မိသော်လည်း သိလို စိတ်ကလည်း ကဲနေခဲ့သည်။

✸



BURMESE CLASSIC .com

စပ်စုလိုစိတ်တွေက စတင်ခဲ့ခြင်း ဖြစ်ပါသည်။

ချော်ချော်သည် လူခြေတိတ်သောတစ်ချိန်တွင် အိမ်အပေါ်ထပ်ဆီ ရောက်ခဲ့မိ၏။

ဟိုအခန်းရှေ့အဖြတ်မှာပင် မနေ့ကကြားခဲ့သည်များကို ပြန်အမှတ်ရလိုက်မိသည်။

အခန်းတံခါးအား ဖွင့်ကြည့်လိုက်ချင်စိတ်များ တဖွားဖွား ပေါ်လာခဲ့မိလေတော့၏။

ဒီအခန်းထဲမှာ ဘာတွေများရှိလိမ့်မလဲ။

လူပြောသူပြောများလှသောအခန်းတွင်းတွင် ဖွင့်လိုက်သည်နှင့် ဝုန်းကနဲထွက်ပေါ်လာမည့် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာက အသင့်စောင့်ဆိုင်းနေမည်လား။

ကြောက်စရာ အတော်ကောင်းလှပေသည်။

သို့သော် စပ်စုလိုစိတ်ကိုလည်း ထိန်းမရ။

ရုတ်ကနဲ လက်တွေက အခန်းတံခါးဖွင့်သည့် ဘုသီးလုံးဆီ ရောက်သွားမိခဲ့လေ၏။ ဘုသီးလုံး၏ အအေးဓာတ်က ရင်ထဲထိ စီးပျံ့ဝင်လာခဲ့သည်။

ခဏလေးတုံ့ဆိုင်းမိရာမှ လက်ကို ပြန်၍ရုတ်လိုက်၏။

ဖွင့်လို့ ဖြစ်ပါ့မလား။

တော်ကြာ အန္တရာယ်တစ်စုံတစ်ခု တွေ့နေမှဖြင့်

ချောချောသည် တော်တော်ကြာကြာအခန်းရှေ့ ချီတုံချတုံ ရပ်နေမိခဲ့သေးသည်။

အခန်းတံခါးရွက်အား နားနှင့်ကပ်ကာ အထဲမှ အသံဗလံတစ်ခုခုများကြားရမလားဟု နားထောင်၏။

ဘာသံမှ မကြားရ။

သို့သော် တံခါးဝဆီမှ နားရွက်အစွာမှာတော့ အသက်ရှူသံလိုလို ကြားရသယောင်သည်။



ရင်ထဲ ဒိုင်းကနဲ ဖြစ်သွားရသော်လည်း ယင်းမှာ အခန်းတံခါးဖွင့်ကြည့်လိုသော စပ်စုလိုစိတ်ကိုတော့ မကျော်လွှားနိုင်ခဲ့ပါ။

ခဏကလေးတော့ ဖွင့်ကြည့်လိုက်မည်။

စိတ်က ထိုအခန်းဖွင့်ဖို့ကို မလုပ်ရ မနေနိုင်အောင် ဖြစ်နေမိ၏။ ခုသာ ဖွင့်မကြည့်လိုက်ရလျှင် ချောချောတစ်ယောက် ချက်ချင်းစိတ်လွှတ် ရူးသွပ်သွားမလား မသိနိုင်ပါချေ။

အနေးကွေးဆုံးနှုန်းဖြင့် …

တံခါးလက်ကိုင် ဘုသီးလုံးဆီ လက်လှမ်းသည်။

ဘုသီးလုံးနှင့် ထိတွေ့မိသောအခါမှာလည်း

အညင်သာဆုံးဖြင့် …

လက်ကိုင်ကို အသာလေး လှည့်ကာ ဖွင့်၏။

အသံတစ်စက်ကလေးမှ မမြည်စေရ။

နှိုးမိသာဆို …

အသံကြောင့် တစ်စုံတစ်ရာအား သတိပေးမိ

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်ပြီး နီးထလာမှာလို စိုးရိမ်နေမိသောကြောင့်ဖြစ်သည်။

အရေးထဲမှပင် ...

တံခါးရွက်ကို ဆွဲအဖွင့်၌ ...

ကျိုကနဲတစ်ချက် မြည်သွားခဲ့လေ၏။

ရင်ထဲ ထိတ်ကနဲ ဖြစ်သွားမိခဲ့သည်။

ခဏကလေးငြိမ်ကာ တစ်ခုခုများ ဆိုးဆိုးရွားရွား ဖြစ်ပျက်လာလေမလား စောင့်ကြည့်မိ၏။

သို့သော် ...

ဘာမှ ထူးခြားမလာသောအခါတွင်မှ

တံခါးကို အဆုံးထိဖွင့်လှစ်လိုက်မိလေတော့သည်။

အခန်းထဲတွင်တော့ ...

✸



မြင်ကွင်းတစ်ခုလုံး ရှင်းလင်း၍ နေသည်။

ဖရွှည်းပရွှယ အနည်းအကျဉ်းရှိနေသော်လည်း ထောင့်ဘက်နေရာများတွင်သာ တစ်ချို့တစ်လေတွေ့ရလေ၏။ ဘီရိုတစ်ခုကိုတော့ အခန်းထောင့်တွင် တွေ့၏။

မြမြနှင်း၏ အသုံးအဆောင်များ ထည့်သွင်းထားရှိပုံရကာ ယခုအခါ သော့ခတ်ထားသည်ကို တွေ့ရလေ၏။

ညှိခန်းတစ်ခုလုံး၌ အထင်ရှားဆုံးဖြစ်သည်မှာတော့ နံရံ၌ ချိတ်ဆွဲထားသော မှန်ချပ်ကြီးပင်တည်း။

မှန်ချပ်မှာ လူ့ကိုယ်ဝင်စပိုင်းစာမျှရှိကာ အခန်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝနှင့် မျက်နှာချင်းဆိုင်တည့်တည့်တွင် ချိတ်ဆွဲထားခြင်း ဖြစ်လေသည်။

ချောချောမှာ အခန်းထဲ ခြေသုံးလေးလှမ်းလောက် လှမ်းဝင်လိုက်စဉ်မှာပင် မျက်စိရှေ့တူရှုရှိ မှန်ထဲတွင် သူ့ပုံရိပ်ကို ဘွားကနဲ မြင်လိုက်ရသောကြောင့် ရုတ်တရက် လန့်သွားလိုက်မိသေးသည်။

ထို့ထက်ပို၍တော့ ...

ထိုအခန်းထဲမှာ ဘာထူးထူးခြားခြား ကိစ္စရပ်ကိုမှ မကြုံရ။

စိတ်ထဲတွင်ပင် ဘယ်လိုမှ မခံစားရသဖြင့် ပခုံးတစ်ချက် တွန့်လိုက်မိလေသည်။

လူပြောသူပြောများနေလို့ လာခဲ့ပါတယ်။ ဘာမှလည်း မထူးခြားဘူးပဲ၊ ဒီလိုမှန်းသိလာတောင် မလာပါဘူး။ အလကားသက်သက် အသည်းအသန်ကြောက်နေတဲ့ဟာတွေကိုတော့ ပြန်ပြောရဦးမယ်။

ကိုယ့်ဖာသာတွေးကာ

အခန်းထဲမှ ပြန်လှည့်ထွက်ရန်ပြင်၏။



ထိုစဉ်မှာပင် ...

မျက်ဝန်းထောင့်စွန်း၌ ရိပ်ကနဲမြင်လိုက်မိသော ပုံရိပ်တစ်ခုကြောင့် ခေါင်းနပန်းများ ကြီးသွားခဲ့ရလေတော့သည်။

နံရံရှိ မှန်ထဲတွင် ဖြတ်ကနဲ မြင်လိုက်ခြင်းဖြစ်၏။

ဆံပင်ဖားလျားချထားသောအသွင်သဏ္ဍာန်တစ်ခု ဖျပ်ကနဲ ရွေ့လျားသွားသလို တွေ့လိုက်ရလေသည်။

အသေအချာ မှန်ကို ပြန်ကြည့်သောအခါမှာလည်း ဘာမှ မတွေ့ရပြန်။ ယောင်ယမ်းပြီး နောက်ဘက်လှည့်ကြည့်လိုက်မိသည်။

ပွင့်နေသော အခန်းတံခါးမှလွဲ၍ ဘာမှ မရှိ။

မှန်ထဲမှာ ပုံရိပ်ပေါ်ဖို့ဆိုရင် နောက်ဘက်မှ တစ်စုံတစ်ယောက်ဖြတ်သန်းသွားမှ ဖြစ်ပေလိမ့်မည်။

သို့သော် ...

အခန်းဝ ကော်ရစ်တာလမ်းတစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူခြေ ရှင်းလင်းလွန်းနေ၏။

ချက်ချင်း ...

ခြေဖျားလက်ဖျားတွေ အေးစက်လာမိ၏။

စိတ်ကထင်လို့ ဖြစ်မှာပါလေ။

ကိုယ့်စိတ်ကိုဖြေကာ အခန်းထဲမှ ပြန်ထွက်သည်။ သို့သော် မကြည့်ချင်မြင်မိလျက်သားဆိုသကဲ့သို့ မျက်ဝန်းထောင့်စွန်းမှ မှန်ချပ်ကိုမူ မြင်မိနေရဆဲ။

မှန်ချပ်ထဲတွင် ...

အရိပ်သဏ္ဌာန်တစ်ခု လှုပ်ရှားသွားပြန်၏။

ချောချောတစ်ယောက် တုန်ကနဲ ဖြစ်သွားမိသည်။

သေချာပါပြီ။

အခုဆို သူမမှာ အပေါက်ဝဘက်ဆီ မျက်နှာပြုနေသည်ပဲ၊ အခန်းပြင်မှ တစ်စုံတစ်ယောက်ရောက်လာသည်ဆိုက မုချ သူမမြင်ရပေမည်။

ယခုတော့ ...

အရိပ်သဏ္ဌာန်က မှန်ထဲမှာပင် ပေါ်လွင်လာခြင်းဖြစ်၏။

နောက်တစ်ကြိမ် ...

မှန်ထဲ သူမ ပြန်မကြည့်ရဲတော့။

စူးစမ်းလိုစိတ်များလည်း ပျောက်ကာ

အခန်းထဲမှ ဒရောသောပါး ပြေးထွက်ခဲ့မိပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)



တဖြည်းဖြည်းနှင့် တစ်ရပ်ကွက်လုံးနီးပါးပင် ခြောက်ခြားဖွယ် ဖြစ်ရပ်များအား အကြောင်းစုံသိလာခဲ့ပြီ ဖြစ်လေသည်။

နေ့ချင်းညချင်းပင် မြမြနှင်းတို့ အိမ်ကြီးမှာ ကြောက်စရာနေရာဌာနကြီးတစ်ခုအဖြစ် ကူပြောင်း ရောက်ရှိ၍ သွားတော့၏။

ကျူရှင်တတ်သူတွေလည်း အတော်ကြီးပင် ပါးလျားသွားချေပြီ။

တစ်ချို့ကြောက်တတ်သူတွေဆို ညဘက်များ တွင် မြမြနှင်းတို့အိမ်ရှေ့ပင် ဖြတ်မလျှောက်ရဲကြ။

www.burmeseclassic.com

www.burmeseclassic.com



သတင်းစကားတွေကလည်း တဖြည်းဖြည်း ချဲ့ကား၍သာ လာလေတော့၏။

ဒီကြားထဲမှာ ဦးသက်နှင်းတို့က စိတ်ပြေလက်ပျောက်သဘော အိမ်တံခါးပိတ်ကာ ဘုရားဖူးထွက်သွားကြတော့ ပိုဆိုးတော့သည်ပေါ့။

တစ်ချို့က ပြောကြသည်။

မြမြနှင်းတို့ အိမ်ပေါ်မှာ ညဘက်တွေဆို အရိပ်တစ်ရိပ် လှုပ်ရှားနေသည်ကို တွေ့ရသည်တဲ့။

တစ်ချို့ကတော့

ပို၍ပင် တီကျသေးသည်။

ထိုအရိပ်မှာ တစ်စုံတစ်ရာကို ခေါက်တုံ့ခေါက်ပြန်လျှောက်ရှာနေခြင်း ဖြစ်သည်တဲ့။

တစ်ချို့ အမြင်ကျတော့ တစ်မျိုး။

ရှာနေတာမဟုတ်၊ တစ်ခုခုကို စောင့်နေတာတဲ့။

"ဘာကိုစောင့်နေတာလဲ"

ဆိုကြတော့ ...

"လူတွေ တွေ့မသွားစေချင်တဲ့ တစ်ခုခုကိုဖြစ်



မှာပေါ့"

ဟု အထင်နှင့် မှန်းပြောကြပြန်၏။

"ဟုတ်မယ် ဟုတ်မယ်၊ ဒါကြောင့် မကျွတ်ပဲ အဲဒီနေရာလေးမှာ တွယ်ကပ်နေရတာဖြစ်မှာ"

ဟု ထောက်ခံကြသည်။

သူတို့၏ ထိုအထင်အမြင်အား ပိုခိုင်မာစေခဲ့သည်မှာတော့ ရပ်ကွက်ထဲမှ ဝင်းလွင်ဦးဆိုသည့် လူငယ်လေးတစ်ယောက်ကြောင့်ပင် ဖြစ်ပါလေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



သဘော်သားတစ်ယောက်၏ သားဖြစ်သော ဝင်းလွင်ဦးထံတွင်ရှိသည့် အမြတ်နိုးဆုံး ပစ္စည်းတစ်ခုမှာ သူ့အဖေလက်ဆောင်ပေးထားခဲ့သော မှန်ဘီလူး တစ်ခုပင် ဖြစ်လေသည်။

နိုင်ငံခြားဖြစ် တန်ဖိုးကြီးပစ္စည်းဖြစ်သော ထို မှန်ဘီလူးမှာ မြင်နိုင်စွမ်းအား အတော်မြင့်လှသလို ပုံစံလည်း အတော်ဆန်းပြားသပ်ရပ်လှပေသည်။

ဝင်းလွင်ဦးက အချိန်းတိုင်းလိုလိုပင် ထို မှန်ဘီလူးအား ထုတ်ကာ ဟိုကြည့်ဒီကြည့် ကြည့်လေ့ရှိပြီး စပ်စပ်စုစုလည်း အတော်နိုင်လှပေသည်။



မြမြနှင်းတို့အိမ်ဘက်ဆီ သူ့ မှန်ဘီလူးဖြင့် အသေအချာ ကြည့်မိခဲ့သည်မှာတော့ ညပိုင်းနေဝင်ရီ တရော အချိန့်တစ်ခုမှာ ဖြစ်ပါလေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



မှန်ဘီလူးမြင်ကွင်းအား အဆုံးထိ ချဲ့ထားပြီး ဟိုဟိုဒီဒီ ဝေ့ကြည့်လိုက်မိသည်။ အိမ်တစ်ဆောင်၏ အတွင်းခန်းလို မြင်ကွင်းတစ်ခုကို ဝင်းလွင်ဦး တွေ့လာရလေ၏။

ထို အိမ်အတွင်းတွင်တော့ …

ရပ်တည်နေသော သဏ္ဍာန်တစ်ခု။

ဝင်းလွင်ဦး သေသေချာချာ အာရုံစိုက် ကြည့်သောအခါ မိန်းမတစ်ယောက်ဖြစ်နေကြောင်း သိလေ၏။

သူ့ဘက်တစ်စောင်းပြုကာ



ရှေ့တည့်တည့်ရှိ ဘီရိုတစ်နေရာသို့ စိုက်ကြည့်နေလေ၏။

ဝင်းလွင်ဦး အံ့သြသွားမိသည်။

"ဘယ်လိုလဲဟ၊ ဘာမဟုတ်တာကိုများ ရပ်ကြည့်နေတယ်၊ ရူးများနေသလား"

သူ့ထုံးစံအတိုင်း ဝင်းလွင်ဦးမှာ ပါးစပ်မှ ပေါက်ပေါက်ဖောက်သလို လျှောက်ပြောနေမိလေသည်။

သို့သော်.....

အတန်ကြာသည်အထိ ထိုအတိုင်း ဆက်ရှိနေချိန်မှာတော့ သူ သံသယဝင်ချင်သလို ဖြစ်လာမိလေတော့သည်။

"ငါပဲအမြင်မှားသလား၊ သူ့ဟာက ကျောက်ရုပ်ကြီးကျနေတာပဲ"

ယောင်ယောင်ကလေးမှုလှုပ်ရှားသည်ကိုပင်မတွေ့ရ။

"ကြည့်ရတာ ဒါဏ်အပေးခံထားရတဲ့ကလေးတွေလို အဖြစ်မျိုးနဲ့ တူလိုက်တာ၊ ဒါပေမယ့် ကလေးလဲ … မဟုတ်ပါဘူး၊ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ငံယောက်ကို စိတ်ကောက်နေတာလား၊ ဒါမှမဟုတ် လေ့ကျင့်ခန်းတစ်ခုခု လုပ်နေတာများလား၊ အင်း ဒီလို အကြာ ကြီးငြိမ်ရပ်နေရတဲ့ လေ့ကျင့်ခန်းရယ်လို့လည်း ငါ မကြားဖူးပါဘူး၊ ဟူး … ကြာကြာနေရင် ငါပဲ ဝေါက်သွားဖို့ ရှိတယ်၊ အာရုံပြောင်းမှပဲ”

ဝင်းလွင်ဦးမှာ မှန်ဘီလူးကို တစ်ခြားဘက်သို့ မြင်ကွင်းပြောင်း ကြည့်လိုက်သည်။ သို့သော် တခြားမြင်ရသည်များအား စိတ်မဝင်စားမိတော့။ ထိုမိန်းမအသွင်ကသာ သူ့ကို လုံးဝ စိုးမိုးနေလေတော့၏။

နောက်တစ်ကြိမ်….

ထိုမိန်းမဆီ ထပ်ကြည့်မိပြန်၏။

မပြောင်းမလဲရှိနေဆဲ။

ခေါင်းတခါခါနှင့် ဝင်းလွင်ဦးမှာ မှန်ဘီလူးဦးတည်ရပ်ကို ထပ်ပြောင်းပြန်သည်။ မရ။

စိတ်က ဒီနေရာမှာပင် ညို့ချက်မိသလို ဖြစ်နေခဲ့၏။



ထိုစဉ်မှာပင် …

နားထဲ၌ အသံတစ်ခုလိုလို ကြားလိုက်ရလေ၏။ မှန်ဘီလူးကိုဖယ်ကာ ဘေးဘီဝဲယာသို့ လှမ်းကြည့်သည်။

ထိုအခါမှပင် ခုနကြားလိုက်ရသော အသံလိုလိုမှာ လေတိုးသံဖြစ်မှန်း သတိပြုမိလိုက်လေ၏။

ညနေချိန်မို့လားမသိ။ လေတိုးသံကပင် ကျယ်လောင်လွန်းလှချေသည်။ ဘာကြောင့်များ ခုမှ စိတ်တွေက တုန်တုန်လှုပ်လှုပ်ဖြစ်နေရသည် မသိတော့။ ဘာမဟုတ်သည့် လေတိုးသံကိုပင် နားက ခါတိုင်းထက်ပို၍ အာရုံစိုက်မိသည်။

ဝင်းလွင်ဦးမှာ မှန်ဘီလူးကို မျက်စိရှေ့ပြန်တပ်ကာ ခုနမြင်ကွင်းဆီ ပြန်ကြည့်မိလေတော့၏။

ထိုအချိန်မှာပင်…

မှန်ဘီလူးထဲမှ မြင်ရသည်မို့ ဝင်းလွင်ဦးအား အနီးကပ်လှည့်ကြည့်လိုက်သည်နှယ် ဖြစ်နေလေသည်။

ကြည့်ပြီးပြီးချင်းပင် …

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမက ဆတ်ကနဲ ပြန်လှည့်သွား၏။

ဝင်းလွင်ဦးတစ်ယောက် ရင်တုန်ပန်းတုန်နှင့် မှန်ဘီလူးမှ မျက်လုံး အလျင်အမြန်ခွာလိုက်မိသည်။

ယောက်ျားမို့သာ စိတ်တင်းထားရသော်လည်း နို့မို့ဆပါက

**အားခနဲ**

လန့်အော်မိလောက်ပါသည်။

ဒီလောက် သူ့စိတ်ကို ခြောက်ခြားစေသော အဖြစ်မျိုးတစ်ခါမှ မကြုံဘူးခဲ့။

ဘာလို့များ လူတစ်ယောက် အသွင်ကို တွေ့လိုက်ရတာနဲ့ပဲ ခြောက်ခြားစေရတာလဲ။

လက်တို့ တဆတ်ဆတ်တုန်လာမိသည်။

ကိုင်ထားသောမှန်ဘီလူးပင် လွတ်ကျချင်သလို ဖြစ်မိ၍ အနီးရှိ ခုံတစ်လုံးပေါ် တင်လိုက်ရလေ၏။

ရင်ထဲဒိန်းကနဲ ခြောက်ခြားသွားမိသည်မှာ သိစိတ်ပင်ကင်းလွတ်ချင်သလို ဖြစ်သွားခဲ့၏။ အတန်ကြာမှ ပင် ကိုယ့်စိတ်နှင့်ကိုယ် ပြန်ထိန်းလာနိုင်ခဲ့သည်။



ခုနက မြင်လိုက်ရသောမိန်းမမှာ ဘာများပါလိမ့်လဲ။ စူးစမ်းချင်လာမိ၏။

သို့သော် ...

မှန်ဘီလူးက အဝေးကြီးကို ချဲ့ပြီး ကြည့်နိုင်သည့် မှန်ဘီလူးမျိုးဆိုတော့ မှန်ဘီလူးပေါက်မှ မျက်လုံးခွာပြီး ပကတိမျက်လုံးဖြင့် လှမ်းကြည့်သည့်အခါ သူ ခုန ဘယ်နေရာကို ကြည့်နေမိသလဲဆိုတာ မသိတော့။

မျက်စိရှေ့တွင် မြင်နေရသည်ကတော့ ပြည့်ကျပ်နေသော အစီအရီ အိမ်များသာ ဖြစ်လေသည်။

ထိုအထဲမှ အိမ်တစ်အိမ်၏ အခန်းတစ်ခုကို သူ ကြည့်လိုက်မိခြင်း ဖြစ်ပေလိမ့်မည်။ ထူးခြားလှသော မိန်းမတစ်ယောက်ရှိနေသည့် အခန်းကိုပေါ့။

အနည်းငယ် စိတ်အလှုပ်ရှား ပြေသွားတော့မှ မှန်ဘီလူးအား မျက်စိရှေ့ ပြန်ကပ်ကာ ခုနအိမ်ခန်းကို ပြန်ကြည့်ရန် ကြိုးစားမိသည်။

ရုတ်တရက် ရှာမရ။

အဝေးကကြည့်လျှင် သဏ္ဍာန်တူ အိမ်ခန်းများ

www.burmeseclassic.com

www.burmeseclassic.com



စွာမှာ ရွေးရခက်လှပါသည်။

"ဘယ်ရောက်သွားတာလဲ၊ ငါ ခုနက သေချာ မြင်လိုက်ပါတယ်"

မကျေမနပ် ရေရွတ်ရင်း တော်တော်ကြီး ကြာသည်အထိ ဝင်းလွင်ဦး ဆက်ခါဆက်ခါ ရှာသည်။

တကယ်ပင် ခုနမိန်းမရှိနေသည့် အိမ်ခန်းကို လုံးဝမတွေ့တော့။

သူ ခုနကမြင်သည့် မြင်ကွင်းမျိုးနှင့် တူသည့် အခန်းတစ်ခုကိုတော့ တွေ့ရသည်။ သို့သော် ထိုအထဲတွင် ခုနကမြင်ရသည့် ထူးဆန်းသော မိန်းမသဏ္ဍာန် ရှိမနေ။

ထိုမိန်းမပင် တစ်နေရာ ထွက်သွားပြီလား မပြောတတ်ပါ။

အတော်လေးဆင်တူနေသည့် ထိုအခန်းမှာ ... မြမြနှင်းတို့အိမ်ခန်း ဖြစ်ပါလေသည်။

# အခန်း(၈)

www.burmeseclassic.com

www.burmeseclassic.com



မြမြနှင်းနှင့် ပတ်သက်သမျှအား စိတ်အဝင်စားဆုံး လူမှာ ကိုဝင်းမောင် ပြီးလျှင် ကိုအောင်ပင် ဖြစ်ပေလိမ့်မည်။

သူက တိုက်ရိုက်အစွပ်စွဲခံရသူ မဟုတ်လား။

လိပ်ပြာခွဲသည့်ည ပြီးကတည်းကပင် သူ့အား မြမြနှင်းနှင့် သို့လော သို့လော ယိုးစွပ်နေသံများမှာ နားနှင့်မဆံ့အောင် ကြားရလေ၏။

မြမြနှင်းက သူနှင့် ဖြစ်ခဲ့သည်များအား အစွဲဖြစ်ကာ မကျေတ်ဘူးတဲ့။ ယခုလည်း မြမြနှင်းမှာ သူမအိမ်ရှိ တစ်စုံတစ်ရာကို အစောင့်သဖွယ် ဖြစ်နေသည်



ဟု ဆိုကြသည်။

ထိုအရာမှာ အခန်းထဲရှိ ဘီရိုတစ်လုံးထဲတွင်ရှိကာ ကိုအောင်နှင့် တိုက်ရိုက်ပတ်သက်နေသည်ဟု ပြောကြပါလေသည်။

ပထမတော့ ကိုအောင် ထိုစကားများကို မသိကျိုးကျွံ ပြုခဲ့သေးသည်။ သို့သော် ထပ်တလဲလဲ ပြောဖန်များလာသောအခါ သူ မနေနိုင်တော့။

နောက်ဆုံး သူတို့အိမ် ဝင်ထွက်နေသည့် ဒုသူညီ၏ သူငယ်ချင်းဖြစ်သော ဝင်းလွင်ဦးကပါ ထိုအတိုင်း ပြောဆိုလာသည့်အခါမှာတော့ ကိုအောင်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခု ချမိခဲ့ပါလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



မြမြနှင်းတို့အိမ်၊

ကိုအောင် နိုးဝင်သည့် ညမှာ ...

ထူးထူးခြားခြား မှောင်လွန်းနေသော ညတစ်ည ဖြစ်ခါ ထိုအမှောင်ထုကြောင့်လည်း သူဖို့ ပိုအခွင့် သာခဲ့ရခြင်း ဖြစ်ပါလေသည်။

အမှန်အားဖြင့် သူ ရှာလိုသောအရာကို မြမြနှင်း မိဘတွေ ဘုရားဖူးပြန်လာမှ ပြောဆိုရှာဖွေလျှင်ရသော်လည်း သူ့စိတ်ထဲတွင် ဘယ်သူ့ကိုမှ အကြောင်းစုံ မသိစေချင်သလို ဖြစ်မိသည်။

သူနှင့် မြမြနှင်းတို့အကြားရှိ ဖြစ်စဉ်မှုအား သူ



အကြွင်းမဲ့ ယုံကြည်သော်လည်း လိပ်ပြာခွဲသည့်ညက အဖြစ်ကြောင့် သူလည်း တစ်စုံတစ်ခုကိုတော့ အံ့အားသင့် စိတ်မလုံသလို ဖြစ်နေမိသောကြောင့်ပင်တည်း။

ထို့ကြောင့် သူ့ဖာသာ နိုးဝင်ရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။

တိုက်ဆိုင်စွာပင် ထိုညမှာ မြမြနှင်း သေဆုံးခဲ့သည်မှာ တစ်နှစ်တင်းတင်းပြည့်သောည ဖြစ်နေလေ၏။

✸

www.burmeseclassic.com

www.burmeseclassic.com



အခါများစွာ လာဖူးနေကျဖြစ်သော အိမ်ဖြစ်၍ မြမြနှင်းတို့အိမ်ထဲ ဝင်ရသည်မှာ ကိုအောင့်အတွက် အခက်အခဲ မရှိလှပါ။

လူဟွေက ဒီအိမ်ကြီးအား ကြောက်လန့်နေပြီး တတ်နိုင်သမျှ ဝေးဝေးမှ ကွင်းရှောင်နေကြသဖြင့်လည်း ကိုအောင့်အဖို့ အနှောင့်အယှက်ကင်းကင်းနှင့် ထိုအိမ်ကြီးထဲ ဝင်ရောက်နိုင်ခဲ့ပါလေသည်။

အပေါ်ထပ် ဝရံတာသို့ ရောက်အောင် အိမ်နံဘေးမှ တွယ်တက်ခဲ့သည်။

ဝရံတာရောက်သောအခါ ဘေးကပ်ရပ် မှန်



ပြတင်းအား အသင့်ယူဆောင်လာသည့် အုတ်နီခဲဖြင့် ထိုးခွဲကာ ထိုပြတင်းနောက်ရှိ အခန်းတွင်းသို့ ဝင်ရောက်လိုက်ခဲ့လေ၏။

ညမှာ တိတ်ဆိတ်လွန်းလှချေသည်။

အဝေးခပ်လှမ်းလှမ်းမှ ကြားနေရသော ပုရစ်အော်သံ စူးစူးကလေးများမှလွဲ၍ ဘာသံမျှ မရှိ။

တစ်ခါတလေမှာလည်း ကားတစ်စီးတလေ ဖြတ်သွားသံမျိုး ကြားရတတ်သေးသည်။ သို့သော် အချိန်အများစုအား ကြီးစိုးနေသည်မှာတော့ ဆိတ်ငြိမ်မှုသာ ဖြစ်လေသည်။

ကိုအောင် ဝင်ရောက်လိုက်သော အခန်းမှာ ...

မြမြနှင်း၏အခန်း ဖြစ်လေသည်။

အပြင်ဘက် လမ်းမီးတိုင်မှလာသော အလင်းကြောင့် အခန်းထဲ၌ အလင်းရောင်ဖျိုးဖျိုးဖြဖြ ရှိနေလေသည်။

အခန်းထဲ ခြေချလိုက်ပြီး ခဏတွင်းချင်းမှာပင် ရုတ်တရက် လွင့်ပါးလာသော သင်္ကြန်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို မြင်လိုက်ရ၏။

တခြားသူသာဆိုလျှင် လန့်အော်သွားလောက်ပါသည်။

ကိုအောင့်အဖို့တော့ သေသေချာချာ ဂရုစိုက်ကြည့်လိုက်သောအခါ ဘီရိုပေါ်မှ ပုဝါဖြူစလေးလွင့်ကျလာခြင်းကို တွေ့လိုက်ရ၏။

တဖြည်းဖြည်းနှင့် ပုဝါစလေး တွန့်ခေါက်လွင့်မျောကျလာသည်မှာ တစ်စုံတစ်ယောက်လှုပ်ရှားနေသည့်နှယ်။

လေလည်း မတိုက်ပါပဲနှင့် ပုဝါလေး ရုတ်တရက်လွင့်လာသည်က ဆန်းတော့နေသည်။ ပြီးတော့ သူ့ဝင်လာကာမှ တိုက်တိုက်ဆိုင်ဆိုင်။

ကိုအောင်က သက်ပြင်းတစ်ချက်ချရင်း ရှင်းလင်းနေသော အခန်း၏မြင်ကွင်းအား တစ်ချက် ဝေ့ကြည့်လိုက်၏။

လူအများ ကြောက်လန့်နေကြသော အခန်းအတွင်းသို့ တော့တော့ဆိုင်ဆိုင် သူ ရောက်ခဲ့လေပြီ။ သို့



သော် သူ့ရင်ထဲတွင် ကြောက်လန့်မှုထက် ကြေကွဲခြင်းသာ ပြည့်နှက် ဝင်ရောက်လာခဲ့၏။

လူတွေ၏ ကြောက်လန့်ခြင်းများကို မြစ်ဖျားခံရာ ဖြစ်သော မြမြနှင်းမှာ သူနှင့် ညီမလေးတစ်ယောက်လို နေထိုင်ဆက်ဆံခဲ့သူ ဖြစ်သည်လေ။

ယခုပင် ထိုကောင်မလေး၏ ရယ်မောသံများ၊ စကားပြောဆိုသံများကို ကြားယောင်မိသလို ရှိ၏။

ဘာကြောင့်များ ဒီလောက် အလွယ်လေးနဲ့ လောကကို နှုတ်ဆက်ထွက်ခွာခဲ့ရလဲ ညီမလေးရယ်။

တကယ်လို့ မြမြနှင်းတစ်ယောက်သာ သရဲ 'တစ္ဆေဘဝ ရောက်နေမည်ဆိုလျှင်လည်း သူ တစ်ခေါက်လောက်တော့ တွေ့ချင်လှပါသေးသည်။ နောက်ဆုံးအနေနဲ့ နှုတ်ဆက်စကားလေးဖြစ်ဖြစ် ဆိုဖို့ပေါ့။

အခန်းသည် ဘာအရိပ်သဏ္ဍာန်မှ မရှိသော်လည်း ကြေကွဲဖွယ်အငွေ့အသက်များဖြင့် လွှမ်းခြုံမှုန်းကြုပ် နေဘိသကဲ့သို့ရှိ၏။

အချိန်အတန်ကြာသည်ထိ အခန်းတစ်ခုလုံးအား

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင် ငေးကြည့်နေမိသည်။ လူပြောသူပြောများနေသော ထိတ်လန့်စရာမျိုး မတွေ့ရသော်လည်း တစ်စုံတစ်ခု ထူးခြားနေသည်ကတော့ အမှန်ပင်။

အခန်းတစ်ခုလုံးသည် …

မရဏတရား၏ အရိပ်သဏ္ဍာန်များ ကြီးစိုးနေသကဲ့သို့ ရှိ၏။

ဒီအခန်းထဲရှိ ရှင်သန်နေသော လေထုအားလုံးမှာ စုပ်ယူခံထားရသလိုရှိပြီး အခန်းမှာ လွန်ကဲစွာ သွေ့ခြောက်နေဘိသကဲ့သို့။

ဒီအခန်းထဲမှာ အသက်ဝင်နေသောအရာဟူ၍ သူတစ်ယောက်ထဲသာ ရှိနေသည်ကို ထင်ထင်ရှားရှား ခံစားလိုက်ရသည်။

အခန်းထောင့်ကို ကြည့်လိုက်မိသည်။

တစ်ခုထဲ ထီးတည်းထောင်ထားသော ဘီရိုတစ်လုံး။ ရှင်းလင်းနေသောနေရာတွင် တစ်ခုတည်းရှိနေခြင်းဖြစ်၍ ပုံမှန်ထက်ပို ကြွားဝင့်နေသလို မြင်တွေ့ရ၏။

ဘီရိုရှိရာသို့ ခြေလှမ်းကို ဦးတည်လိုက်မိသည်။



သို့သော် …

ပထမဆုံးခြေလှမ်းကို စတင်လိုက်စဥ်မှာပင် မထင်မှတ်သော အဟာန့်အတားတစ်ခုကို တွေ့လိုက်ရသည်။

မျက်နှာပေါ် ပင့်ကူမွေးများ လာငြိခြင်း ဖြစ်၏။

လက်ဖြင့် မျက်နှာအား ပွတ်သပ်ဖယ်ရှားကာ ဆက်လျှောက်လာသည်။ သို့သော် ခြေသုံးလှမ်းမျှ မပြည့်တတ်သေးခင်မှာပင် နောက်ထပ် ပင့်ကူမှင်များ လာရောက်ကပ်ငြိပြန်လေ၏။

ပင့်ကူမွေးများကပင် သူသွားမည့်လမ်းအား တားဆီးနေဘိသကဲ့သို့။

အခန်းပတ်ပတ်လည် တစ်ချက်ဝေ့ကြည့်လိုက်မိသည်။ လူမနေသည်မှာ ကြာနေပြီဖြစ်သော်လည်း အခန်းထဲ ပင့်ကူအိမ်များ ရှုပ်ပွမနေပါ။ မျက်စိနှင့် မြင်ရသလောက် တစ်ခုမျှပင် မတွေ့ရသည်ဖြစ်၏။

သို့ပါလျက် ဘယ်လိုများ ဒီပင့်ကူမွေးတွေဟာ မျက်နှာချည်းတည့်တည့်လာငြိနေရပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင် ဆက်လျှောက်ပြန်၏။

ပင့်ကူမွေးတွေ ထပ်ငြိပြန်သည်။

မတတ်နိုင်တော့။ ထူးဆန်းသော အဖြစ်တစ်ခု ဟုသာ အမှတ်ထားပြီး ဆက်လျှောက်လာခဲ့လိုက်တော့သည်။

သူ့ခြေလှမ်းများတည့်တည့်တွင်တော့ အခန်းထောင့်မှ အထီးကျန်စွာတည်ရှိနေသော ဗီရိုကြီး။

ဗီရိုရှေ့ရောက်သည်နှင့်ပင်

ကိုအောင်မှာ ...

ဘီရိုအံဆွဲများအား

တစ်ခုပြီးတစ်ခု ဖွင့်ကာ စိတ်လှုပ်ရှားစွာ လှန်လှောရှာဖွေခဲ့သည်။

ရင်တွေ ထူးထူးခြားခြား အခုန်မြန်နေမိသည်။

ဘယ်လို ထူးခြားသောအရာကိုများ တွေ့ရလိမ့်မလဲ။

သို့သော် ...

ဘီရိုအံဆွဲများသာ အားလုံးဖွင့်ပြီးသွားခဲ့သည်။



သူ ဘာကိုမျှ ရှာမတွေ့ခဲ့သေးပါ။

ဖွင့်မိသမျှသော ဘီရိုအံဆွဲများတွင် မြမြနှင်း၏ အဝတ်အစားများ ထည့်သွင်းထားသည်ကိုသာ တွေ့ရပါလေ၏။

ကိုအောင် မျက်မှောင်ကျုံ့လိုက်မိသည်။

သူ တွေ့ချင်သည်က ဖြစ်ပေါ်နေသော ပဟေဠိအားလုံးအား ဖြေရှင်းနိုင်မည့် တစ်စုံတစ်ရာကို ဖြစ်လေသည်။

ထိုတစ်စုံတစ်ရာမှာ ဘာဖြစ်မလဲဆိုသည်ကိုတော့ သူလည်း သေချာမသိပေ။

နောက်တစ်ကြိမ် ထပ်၍

ဘီရိုအံဆွဲများအား လှန်လှောရှာဖွေကြည့်သည်။

အံဆွဲတစ်ခုအား ဆွဲအဖွင့်မှာပင်

ရုတ်တရက်

အခန်းထောင့်တစ်နေရာမှ အိမ်မြှောင်ကျွတ်ထိုးလိုက်သည်ကို စူးစူးရှားရှား ကြားလိုက်ရလေ၏။

ကိုအောင့်လုပ်ရပ်များ တုံ့နှေးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်နှုတ်ခမ်းအား သွားဖြင့် အသာဖိကိုက်လိုက်ရင်း ထိုဘီရိုအံဆွဲကို အသေအချာ ရှာဖွေမိ၏။

တိုက်ဆိုင်မှုများလား မဆိုနိုင်သော်လည်း ရုတ်တရက် အိမ်မြှောင်ကျွတ်ထိုးပုံကတော့ တစ်မျိုးကြီး ဖြစ်နေတာ အသေအချာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီဘီရိုအံဆွဲထဲမှာ တစ်စုံတစ်ခု ရှိနေသလို ခံစားလိုက်မိ၏။

မချုပ်ရသေးသော အင်္ကျီစများကို အံဆွဲထဲ၌ တွေ့သည်။

မြမြနှင်းမှာ အသက်ရှင်စဉ်က အဝတ်အစား အတော်မက်သူ ဖြစ်၏။ တစ်နေ့တစ်မျိုးမရိုးရအောင် ဝတ်တတ်သူ အဆင်ဆန်း၊ အထည်ဆန်းဟူသမျှ လက်မနှေးပဲ ဝယ်လေ့ရှိသူပင်တည်း။

ဒါကြောင့်လည်း သူမသေသွားပြီး အတော်ကြီး ကြာခဲ့တာတောင်မှ သူမရဲ့အဝတ်အစားတွေက ဘီရိုကြီး တစ်လုံးအပြည့်ကျန်ရစ်ခဲ့တာပေါ့။

ကိုအောင်မှာ ဖွင့်လက်စအံဆွဲထဲ၌ တွေ့ရသော



အထပ်ထပ်စီထည့်ထားသည် အင်္ကျီစများအား အငမ်းမရလှန်လှော ရှာဖွေမိသည်။

အင်္ကျီစပြီး အင်္ကျီစတို့သာ ထပ်ထပ်ထွက်ကာ လာလေ၏။

နောက်ဆုံး ...

စိတ်မရှည်နိုင်တော့ဘဲ ကိုအောင် တစ်ယောက် ထိုအံဆွဲအကန့်အား ဆွဲထုတ်မှောက်ချ လိုက်လေတော့သည်။

ထိုအခါ

အဝတ်များနှင့်အတူ ကျလာသည်က

စာအုပ်လေး တစ်အုပ်။

ကောက်ယူမကြည့်ရသေးခင်မှာပင် ဒိုင်ယာရီ စာအုပ်ကလေးမှန်း သိလိုက်၏။

စာအုပ်၏ ပထမဆုံး စာမျက်နှာကို လှန်လိုက်သောအခါမှာတော့ လက်မှတ်လေးတစ်ခုကို တွေ့လိုက်ရသည်။

မမြင်တွေ့ရတာ ကြာပြီဖြစ်သော လက်ရေးက

www.burmeseclassic.com

www.burmeseclassic.com



လေး တစ်ခု။

လက်မှတ်မို့ အသော့ထိုးထားသော်လည်း ဘယ်သူ့လက်မှတ်ဆိုတာ မြင်သာပါသည်။

မြမြနှင်းဟူသော စာလုံးလေးတွေကို ထင်ထင်ရှားရှားပင် မြင်တွေနေရ၏ ဖြစ်၏။

# အခန်း(၉)

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နှင်းတို့ ဘုရားဖူးက ပြန်ရောက်လာသည့် နေ့မှာပင် ကိုအောင်က ချိုချိုနှင်းကို လာခေါ်ဖြစ်ခဲ့လေသည်။

အအေးဆိုင်တစ်ဆိုင်အတွင်း၌ အတူတိုင်မိကြအပြီးမှာပင် ချိုချိုနှင်းအဖို့ အံ့ဩစရာများ ဆက်တိုက်ကြုံခဲ့ရတော့၏။

အစကတော့ ချိုချိုနှင်းဖို့ ချစ်သူကိုအောင်က မတွေ့တာ နည်းနည်းကြာသွား၍ ရိုးရိုးတန်းတန်း စကားတွေ ပြောစရာများရှိနေလိမ့်မည်ဟု ထင်မိရုံတင်ပါ။

"ဘာများ အရေးတကြီး ပြောစရာရှိလို့လဲ



ကိုအောင်ရယ်"

"မြမြနှင်းနဲ့ ပတ်သက်တာတွေ ကိုယ် သိပြီကွ"

"ဘာရယ်"

"ဟုတ်တယ်၊ လိပ်ပြာခွဲတဲ့ညက မြမြနှင်းဟာ သူ့ကလေးကို မွေးဖို့ ကိုယ့်ကို ရွေးချယ်ခဲ့တယ် မဟုတ်လား၊ အဲဒါ ဘာလို့လဲဆိုတာ ကိုယ်သိပြီ"

ချိုချိုနှင်းက ချစ်သူဖြစ်သော ကိုအောင်အား ထူးဆန်းသလို လှမ်းကြည့်သည်။

"အဲဒီကိစ္စတွေက အယူသီးမှုတွေပါလေ၊ ကျွန်မလည်း စိတ်ထဲ အဲဒီလောက် ထားမနေပါဘူး"

"မဟုတ်ဘူးကွ၊ မြမြနှင်းဟာ သေသာသွားတာ၊ သူ့ရင်ထဲမှာ အထင်အမြင်မှားကြီးတစ်ခုကို ပွေ့ပိုက်သွားရရှာတယ်"

"ဘယ်လို၊ အထင်အမြင်မှားကြီး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူက ကိုယ့်ကို တစ်မျိုးထင်သွားတာကွ"

ချိုချိုနှင်းက မျက်မှောင်တွန့်ချိုးကာ ခေါင်းကို ဘယ်ပြန်ညာပြန် ခါယမ်းလိုက်သည်။

"ကျွန်မတော့ ဘာမှကို နားမလည်နိုင်တော့ဘူး၊ ဒီထက် သေချာရှင်းအောင် ပြောပါလား ရှင်"

"မင်း လွန်ခဲ့တဲ့ တစ်နှစ်ကျော်က သင်္ကြန်ကို မှတ်မိသေးလား"

"ဘာဖြစ်လို့လဲ၊ အဲဒီသင်္ကြန်မှာ ဘာထူးထူးခြားခြား ဖြစ်ခဲ့တာများ ရှိလို့လဲ"

"အဲဒီတုန်းက ကိုယ် သင်္ဘောက ပြန်လာခါစမို့ မင်းတို့အိမ်ရှေ့မှာ မဏ္ဍပ် ထိုးဖြစ်ခဲ့တယ်လေ"

"ဟုတ်တယ်လေ၊ အဖေတို့ အမေတို့တောင် ဘုရားဖူးသွားကြမှာမို့ မလုပ်ဖို့ပြောပေမယ့် ညီမလေးကပါ စိတ်အရမ်းပါနေတာနဲ့ မဏ္ဍပ်



လုပ်ဖြစ်ခဲ့ကြတာ"

"ဟုတ်တယ်၊ အဲဒီသင်္ကြန်ရဲ့ တစ်ရက်မှာတုန်းက ညနေပိုင်း အတော်မှောင်တဲ့အထိ ကိုယ့်တို့တွေ ရေပက်ခဲ့ကြတယ်လေ"

"အဲဒီတော့ ဘာဖြစ်လို့လဲ"

ချိုချိုနှင်းက တစ်ခုခုအား ရုတ်တရက် တွေးမိသလိုဖြင့် ကိုအောင့်ကို အလန့်တကြား လှမ်းကြည့်လာသည်။ လက်ကာပြရင်း ကိုအောင် အမြန်ဆက်ပြောရ၏။

"မဟုတ်ဘူးနော်၊ ကိုယ့်ကို တလွဲမတွေးလိုက်ပါနဲ့ဦး၊ အဲဒီနေ့က ကိုယ်နဲ့ မြမြနှင်း ဘာမှမဖြစ်သွားခဲ့ပါဘူး၊ မင်းလည်း ကိုယ့်တို့နားမှာ တစ်ချိန်လုံး ရှိနေတာပဲ"

"ဟုတ်ပါတယ်လေ၊ ကျွန်မက အဲဒီလိုတော့ ရှင့်ကို ယိုးစွပ်ဖို့ စဉ်းတောင် မစဉ်းစားမိပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ဒါပေမဲ့ မြမြနှင်းကတော့ ကိုယ်နဲ့ သူ အဲဒီနေ့က တစ်ခုခု ငြိစွန်းသွားခဲ့တယ်လို့ ထင်သွားခဲ့တယ်''

''ဘယ်လို''

ချိုချိုနှင်းမှာ ယခုမှ အရမ်းအံ့ဩသွားပုံ ရလေသည်။ တစ်ပြိုင်တည်းမှာပင် နားမရှင်းသလိုလည်း ဖြစ်သွားခဲ့၏။

''ဒီလိုကွ၊ မြမြနှင်း အရမ်းမူးသွားတဲ့အခါမှာ ကိုယ် ပွေ့ပြီး အိပ်ခန်းထဲ ခေါ်သွားပေးခဲ့တယ် မဟုတ်လား၊ အဲဒီအထိ သူက ဝိုးတဝါး မှတ်မိလိုက်တယ်၊ နောက်ပိုင်းအချိန်ကိုတော့ သူ လုံးဝ သိစိတ်မရှိတော့ဘူး''

''အင်းလေ၊ အဲဒီလို အိပ်ခန်းထဲ ပွေ့ခေါ်သွားပေးရုံနဲ့ ဘာဆိုးဆိုးရွားရွား ထင်စရာရှိလို့လဲ''

''အဲဒီတုန်းက သူဟာ ဆယ်ကျော်သက်အရွယ် လွန်မြောက်ခါစ အရာရာကို စိတ်ကူးယဉ်



တတ်တုန်း ကာလလေ၊ သူ့အကျင့်ကလည်း နည်းနည်းလေး ထင်ယောင်ထင်မှား ဖြစ်ရတာလောက်ကိုတောင် အကြီးကြီးချဲ့ပြီး တွေးတတ်တာမျိုး မဟုတ်လား''

''ဒါနဲ့ပဲ သူက အဆုံးထိ လျှောက်တွေးတော့တာပဲလား''

''အဲဒီနေ့က သူ့ကို အိပ်ခန်းထဲ ကိုယ်သွားထားပြီး ပြန်ထွက်လာတော့ မင်း ထပ်ဝင်သွားသေးတယ်နဲ့ တူတယ်''

''ဟုတ်တယ်လေ၊ ရေစိုအဝတ်တွေနဲ့ အိပ်ပျော်သွားရင် ဖျားမှာစိုးလို့ အဝတ်သွားလဲပေးတာ''

''အေး ... အဲဒီမှာ ဆိုးတော့တာပေါ့၊ သူက သူ့ကို အဝတ်လဲပေးခဲ့တာ ကိုယ်လို့ ထင်သွားခဲ့တယ်၊ ပြီးတော့ မင်း အဝတ်လဲတာကလည်း လျော့လျော့ရဲရဲ ဖြစ်သွားခဲ့တယ်နဲ့ တူတယ်''

''ဒါကတော့ မူးပြီး အိပ်ပျော်နေတဲ့သူကို လဲပေးရတာပဲ၊ သိပ် သေသေသပ်သပ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖြစ်နိုင်မှာလဲ''

''ကိုယ်ပြောတယ်မဟုတ်လား၊ သူက ထင်မိထင်ရာကို ပုံကြီးချဲ့ပြီး တွေးတတ်တဲ့သူပါလို့၊ ပြီးတော့ ဖြစ်ချင်တော့ အဲဒီနေ့က ထိရှမိတာတစ်ခုခု ဖြစ်သွားတယ်နဲ့ တူပါရဲ့၊ နံနက်မိုးလင်းတော့ သူ့ထဘီမှာ သွေးတွေစွန်းနေတာကို တွေ့ရတယ်တဲ့''

''နေပါဦး၊ ဒါတွေကို ကျွန်မတောင် မသိဘဲ ရှင်က ဘယ်လိုလုပ် သိနေရတာလဲ''

ချိုချိုနှင်းက ယခုမှပင် အရေးကြီးဆုံး မေးခွန်းကို မေးဖြစ်လေတော့သည်။ ကိုအောင်ကလည်း အသင့်ယူဆောင်လာသော ဒိုင်ယာရီစာအုပ်ကလေးအား ထုတ်ပြလိုက်၏။

''ဟောဒီမှာ မင်းတို့ဘုရားဖူးသွားနေတုန်း မင်းတို့အိမ်ထဲ ကိုယ် ခိုးဝင်ပြီး ရှာထားတဲ့ မြမြနှင်းရဲ့ ဒိုင်ယာရီစာအုပ်၊ ရင်ထဲမှာ မကျေနိုင် မချမ်းနိုင် ရှိလွန်းလို့ ဖြေရှင်းနိုင်မယ့် သဲလွန်စ တစ်ခု



ခုများ ရမလားလို့ မင်းတို့အိမ် ဝင်ရှာရင်း ကိုယ်တွေ့ခဲ့ရတာ''

ကိုအောင် ချပေးလိုက်သော ဒိုင်ယာရီအား ချိုချိုနှင်းမှာ အလျင်အမြန်ပင် ယူဖတ်လေတော့၏။

ဖတ်နေရင်းသားမှ ခံစားချက်ပေါင်းစုံတို့ ရောပြွန်းဖြစ်ပေါ်နေသော မျက်နှာထားမှာ အသွင်အမျိုးမျိုး လျင်မြန်စွာပြောင်းလဲနေလေတော့၏။ သက်ပြင်းတို့လည်း မကြာခဏချသည်။

ခဏအကြာ ...

တစ်ရွက်ပြီးတစ်ရွက် ဖတ်လို့ဆုံးသွားသောအခါမှာတော့ သူမ မျက်နှာပေါ်တွင် အားလုံးရှင်းလင်းသွားသလို မျက်နှာထားနှင့်အတူ မျက်ရည်တို့ ဝဲဆို့နေသည်ကိုလည်း မြင်တွေ့ရလေတော့၏။

''သနားစရာကောင်းလိုက်တာ ညီမလေးရယ်''

''ဟုတ်တယ်၊ မြမြနှင်းဟာ သူ့အထင်မှားမှုကြောင့် ဖြစ်လာရတဲ့သောကကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း သေတဲ့အထိ ကြိုးပါပြီး ခံစားသွားခဲ့ရတာ၊ ကံဆိုးချင်တော့ သကြံန်ပြီး နောက်တစ်လမှာ သူ့ရဲ့ရာသီသွေး ပုံမှန်မဖြစ်ခဲ့ဘူးလေ၊ ဒီတော့ နဂိုကတည်းက ကြီးမားနေခဲ့တဲ့ သံသယဟာ အခိုင်အထည် ဖြစ်သွားရပြီပေါ့''

''ဒါကြောင့် သူ ကိုဝင်းမောင်ကို ရုတ်တရက်ကြီး လက်ခံလိုက်တာကိုး''

ကိုအောင်က သက်ပြင်းတစ်ခုနှင့်အတူ ခေါင်းကို ခပ်သာသာညိတ်လိုက်သည်။

''ကိုယ်တို့တောင် ပြောမိကြသေးတယ် မဟုတ် လား၊ ကလေးလိုနေတဲ့ ကောင်မလေးက ဘယ်လိုလုပ်များ ရုတ်တရက် အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်သလဲလို့လေ''

''ကိုဝင်းမောင်ကို သူ မချစ်ဘဲ လက်ခံလိုက်တာနဲ့ တူတယ်နော်''

''နောက်ပိုင်းမှာတော့ ချစ်သွားခဲ့တယ်လို့ သူ့ဒိုင်ယာရီထဲမှာ ရေးထားပါတယ်၊ အဲဒီလို ချစ်



သွားလို့လည်း သူ့ကိုယ်သူ အပြစ်မကင်းသလို ခံစားသွားခဲ့ရတာပေါ့၊ ပထမတော့ သူ ကြုံနေရတဲ့ ပြဿနာကို ဖြေရှင်းဖို့ သူ့နားမှာ အသင့်ကမ်းလှမ်းနေတဲ့ ကိုဝင်းမောင်နဲ့ လက်ထပ်ဖို့ သဘောတူခဲ့တယ်၊ လက်ထပ်ပြီးလို့ သံသယဇဉ်တွေ ခိုင်မာလာချိန်ကျမှ သူလုပ်လိုက်မိတာဟာ ကိုဝင်းမောင်အပေါ်မှ တရားရဲ့လားလို့ သူ လိပ်ပြာမသန့် ဖြစ်လာရတယ်၊ ဖွင့်ပြောဖို့ကလည်း အချိန် သိပ်နှောင်းနေပြီလေ၊ ဒါကြောင့် သူ့ခမျာမှာ သေသွားတာတောင် ကိုဝင်းမောင်အပေါ် အပြစ်မကင်းသလို ရှက်ရွံ့အားနာစိတ်က တစ်ဖက်၊ အဖြစ်မှန်တွေ သိရင် ကိုဝင်းမောင် စိတ်ဆိုးသွားမှာစိုးလို့ မသိလည်း မသိစေချင်တာက တစ်ဖက်နဲ့ တော်တော် စိတ်ဒုက္ခရောက်သွားခဲ့ရှာတာ''

ချိုချိုနှင်းက မျက်ရည်သွတ်နေသော မျက်လုံးများဖြင့် လှမ်းကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အခုကျတော့ သူ့ရဲ့ အဲဒီဇာတ်နဲ့ က ခံစားခဲ့ရတဲ့ စိတ်သောက တွေအတွက် ကျွန်မတို့မှာ ဖြေမ ဆည်နိုင်အောင် ဖြစ်နေရပြီပေါ့၊ အခု ကျွန်မ တို့ ဘာလုပ်ကြရင် ကောင်းမလဲ ဟင်"

ကိုအောင်က ရင်ဘတ်ကြီးတစ်ခုလုံး ပြည့် အောင် လေတို့ ရှူသွင်းလိုက်ကာ ဟူးခနဲ ပြန်မှုတ်ထုတ် ရင်း အောက်နှုတ်ခမ်းကို သွားထိပ်များဖြင့် ကိုက်လျက် ခဏတာ စဉ်းစားနေ၏။

နောက်မှပင် တိုးဖွဖွသော်လည်း ကြည်လင်သော အသံဖြင့် တစ်ခွန်းချင်း ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကိုဝင်းမောင်ကိုတော့ အ ကြောင်းစုံ ရှင်းလင်းပြောပြလိုက်တာ အကောင်းဆုံး ပါပဲ"

# အခန်း(၁၀)

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမောင်မှာ အစွဲအလန်းကြီးလွန်းလှသူတစ်ယောက် ဖြစ်သော်လည်း နားလည်လွယ်သူတစ်ယောက် ဖြစ်ပါသည်။

သူ့အား မြမြနှင်း၏ ဒိုင်ယာရီလေးပေးဖတ်လိုက်ပြီးသည်နှင့်ပင် သက်ပြင်းချကာ ...

"တစ်ခုခုတော့ အထင်မှားစရာရှိခဲ့တယ်နဲ့ တူပါတယ်"

ဟု ဆိုလေ၏။

ကိုအောင်နှင့် ချိုချိုနှင်းက အကြောင်းစုံရှင်းပြရလေသည်။



သူတို့ စကားများဆုံးသွားသည့်အခါ ကိုဝင်းမောင်မှာ မြမြနှင်းတလျှောက်လုံး စိုးရိမ်လာခဲ့သလို စိတ်မဆိုးပဲ

"ဖြစ်ရလေ မြလေးရယ်၊ ကိုယ့်ကိုဖွင့်ပြောခဲ့ရောပေါ့၊ တကယ်ဖြစ်ခဲ့တယ်ဆိုတောင် ကျွန်တော်က ခွင့်လွှတ်မှာပါဗျာ"

ဟုပင် မချိတင်ကဲ ဆိုရှာလေ၏။

ကိုအောင်က ကိုဝင်းမောင် ကြေကွဲနေသည်ကို မကြည့်ရက်သလို စကားရှာ၍ ပြောလိုက်သည်။

"အခု ကျွန်တော်တို့ ဘာလုပ်ကြရင်ကောင်းမလဲ၊ ဟင်"

ကိုဝင်းမောင်မှာ မျက်ရည်ဝဲချင်လာသလို မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း အတန်ငယ်ထစ်ငေါ့ကာ စကားတုံ့ပြန်ဆိုလေ၏။

"မြလေးရဲ့ အထင်မှားမှုကို ဖျောက်ပေးရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သေတဲ့သူက သေပြီးပြီပဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုနှင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ကိုဝင်းမောင်က ညင်ညင်သာသာခေါင်းယမ်းခါ၏။

"ဒါပေမယ့် သူ့ခများအမှန်ကို သိမသွားခဲ့ရှာဘူးလေ၊ သူသိအောင်လုပ်ပေးရမှာပေါ့"

ချိုချိုနှင်း တစ်ခုခုပြောရန်ပြင်သော်လည်း ကိုအောင်က လက်ကာပြကာ ဟန့်တားလိုက်သည်။

"ကိုဝင်းမောင်က ဘယ်လို လုပ်ချင်လို့တုန်း"

"သားလေးကို သွေးသွားစစ်လိုက်မယ်၊ ဒါဆို ကျွန်တော့်သားဖြစ်ကြောင်း ပေါ်လွင်လာမှာပဲ"

"သွေးစစ်ပြီးတော့ရော"

"အဲဒီ သွေးစစ်ချက်အပါအဝင် အဖြစ်မှန်တွေကို မြလေးသိအောင်လုပ်ရမှာပေါ့"

"ဒါပေမယ့် မြမြနှင်းမှ မရှိတော့တာပဲ ရှင်"

ချိုချိုနှင်း၏ စကားမှာ အစွဲအလန်းကြီးလှသော ကိုဝင်းမောင်ကို ဆတ်ကနဲဖြစ်သွားစေခဲ့ပါသည်။

"ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေ မဟုတ်ဘူးလားဗျာ"



"ဟုတ်ပါတယ်လေ"

"ဗုဒ္ဓဘာသာဆိုရင် နောင်တမလွန်ဘဝရှိတယ်ဆိုတာ ယုံကြည်ရမှာပေါ့၊ မြလေးဟာလည်း သံသရာက လွန်မြောက်သူ မဟုတ်သေးတဲ့အတွက် နောက်ထပ်ဘဝတစ်ခုမှာ ရှိကို ရှိနေရမယ်၊ ဒါကြောင့် မြလေးကို ဆက်သွယ်နိုင်မယ့် နည်းလမ်းရှိကို ရှိရမယ်"

"ဘယ်လိုဆက်သွယ်မှာလည်းဗျ"

"သေပြီးတဲ့သူနဲ့ ဆက်သွယ်နိုင်တဲ့နေရာဆီ သွားရမှာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

လေချွန်နတ်ဆီသို့ သူတို့သုံးယောက် သွားဖြစ်ခဲ့ကြခြင်းမှာ ကိုဝင်းမောင်၏ တိုက်တွန်းမှုကြောင့်လည်း ဖြစ်ပါသည်။

ထိုအချိန်မှာ မြမြနှင်း ဒိုင်ယာရီထဲမှ အဖြစ်များအား သိရှိကြအပြီး တစ်လအကြာ ကိုဝင်းမောင်နှင့် ကိုအောင်တို့ ကြားမှ အထင်အမြင်မှားများလည်း လုံးဝကင်းရှင်းသွားပြီးချိန်မှာ ဖြစ်လေသည်။

ကိုအောင်ကတော့ လိုက်သာလာရသော်လည်း သိပ်မယုံလှပါ။

စိတ်ပညာစာအုပ်များတွင် ထိုကဲ့သို့သေား နတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်သည်မိုးမှာ စိတ်လှိုင်းဂယက်၏ ရိုက်ခတ်မှုကို အသုံးချလုပ်ဆောင်ကြခြင်းသာဖြစ်ကြောင်း ကြားခဲ့ဘူး၏။

သို့သော် လေချွန်နတ်ဟု အမည်တပ်ထားသော နတ်ဝင်သည်၏ ခတ်ခန်းမှာတော့ စိတ်ကို တော်တော်လေး ထူးခြားစေသည်က အမှန်ပင်။

ခမ်းနားစွာဆင်ပြင်ထားသော အပြင်အဆင်များကြောင့်လည်း အာရုံကို တစ်မျိုးဖြစ်စေခြင်း ဖြစ်ပေလိမ့်မည်။

တစ်ခန်းလုံးကို ဆေးအနက်ရောင်များ သုတ်ထားသဖြင့် တောနက်ထဲရှိ နက်ရှိုင်းသောဂူတစ်ခုအတွင်းသို့ ဝင်ရသကဲ့သို့ ဖြစ်နေလေသည်။

ခန်းလုံးပြည့်ခင်းထားသော ကောဇောပေါ်မှ အဆင်အကွက်များမှာလည်း တကယ့် ပါရှားခေတ် လက်ရာ ဂမ္ဘီရဆန်သော အင်းကွက်ကြီးများလို ဖြစ်နေ၏။

အခန်းနံရံဘေးတစ်ဘက်တွင် ရွှေရောင်တံခါးကြီးတစ်ချပ်ပုံကို ရေးခြယ်ထားပြီး

**ဝိဉာဉ်တံခါး**



ဟု အမည်တပ်ထားလေသည်။

အပိတ်ဖြစ်သော နံရံပေါ် ဆေးခြယ်ထားခြင်းဖြစ်သော်လည်း ပန်းချီလက်ရာမြောက်မှုကြောင့် တကယ်ပင် ဝိဉာဉ်များ ထိုတံခါးမှ ဖြစ်သန်းသွားလာနေကြသလို ခံစားရ၏။

နတ်ဝင်သည် ထိုင်နေသည်က အခန်းအလယ် နံရံကိုကပ်လျက် ခန့်ညားလှသော မဟော်ဂနီရောင်ကျွန်းကုလားထိုင်ကြီးတစ်လုံးမှာ ဖြစ်သည်။

သူ့ရှေ့တွင်တော့ အဖြူရောင်သလင်းကျောက်သားများဖြင့် ပြုလုပ်ထားဟန်ရှိသော စားပွဲကြီးတစ်လုံး။

စားပွဲပေါ်တွင် ခတ်ဖန်လုံးတစ်ခုနှင့် မှောက်ထားသော ရေးဟောင်းကြေးမုံတစ်ချပ်ကို တွေ့ရ၏။

လာမေးသူ ပရိသတ်မှာ ထိုစားပွဲနောက်ဘက်ရှိ အသင့်ခင်းထားပေးသော ထိုင်ခုံများတွင် ထိုင်ရလေသည်။

မိန်းမသားဖြစ်သော ချိုချိုနှင်းကပင် နတ်ဝင်သည်အား စကားစတင်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ ကွယ်လွန်သွားပြီးတဲ့ ညီမလေးနဲ့ ဆက်သွယ်ချင်လို့ပါ"

ဟု ပြောလိုက်သည်နှင့်ပင် နတ်ဝင်သည်က လက်ကာပြလိုက်ကာ မျက်စိကို စုံမှိတ်လိုက်၏။

ကိုအောင်တို့က ငေးကြည့်နေမိသည်။

ဘာတွေများ ဖြစ်လာလိမ့်မလဲပေါ့။

စိတ်ထင်၍ပဲလား မသိ။

ခဏတွင်းချင်းမှာပင် အခန်းသည် အခိုးအငွေ့ တစ်မျိုးဖြင့် ယှက်သန်းလာသလို ထင်ရသည်။

အဝေးတစ်နေရာဆီမှ ငြီးသံလေးတစ်စွန်း တစ်စကို ကြားလိုက်ရသလိုလို။

နံရံတွေကို အနက်ရောင်သုတ်ထားသောကြောင့် ဟု ထင်သည်။ အခန်းသည် ကြာလေလေ ပို၍ ပို၍ မှောင်ကျသွားသလို ထင်ရ၏။

ကိုအောင်က ဝိဥာဉ်တံခါးဟု စာတမ်းရေးထားသော နေရာဆီ အမှတ်မထင်ကြည့်လိုက်မိသောအခါ အငွေ့တွေမှာ ထိုနေရာတွင် ပို၍သာ သိပ်သည်း၍ နေ



လေတော့၏။

အငွေ့တွေမှာ မီးခိုးတွေလည်း မဟုတ်၊အလင်းရောင်ကြောင့်ဖြစ်သော အခိုးငွေ့မျိုးလိုလည်း မဟုတ်ဘဲ အတော်ဆန်းကြယ်နေလေ၏။ ဒီလောကထဲတွင် ထိုကဲ့သို့ အသွင်သဏ္ဍာန်ရှိသော အခိုးငွေ့မျိုးကို သူတို့ တစ်ကြိမ်မှ မတွေ့ဖူးဘူးဟု သူ အမှတ်ရနေမိသည်။

တိမ်တွေ အစုလိုက်ဖွဲ့ပြီး အခန်းထဲ လိမ့်ဝင်လာကြသလိုမျိုးပင်။ သို့သော် ခပ်မျှင်မျှင်နှင့် ပါးလျားလွန်းနေ၏။ အရောင်မှာလည်း ညိုတိုတိုဖြစ်သွားလိုက်၊ ဖြူဖွေးလင်းပလာလိုက်နှင့် အမျိုးမျိုးပြောင်းနေသကဲ့သို့။

အခန်းတစ်ခုလုံးမှာလည်း တဖြည်းဖြည်း ပို အေးသထက် အေးလာလေတော့သည်။

နတ်ဝင်သည်ကတော့ မျက်စိကို ဆက်လက် မှိတ်ထားနေဆဲ။

ထို့နောက်

တစ်အောင့်မျှအကြာ

ကိုအောင်တို့ သုံးယောက်သား ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်သလို ငိုက်ကနဲ ဖြစ်သွားလိုက်မိချိန်မှာတော့...

နတ်ဝင်သည်မှာ မျက်စိတို့ ရှုတ်တရက်ဖွင့်လာလေတော့သည်။

သို့သော် သူတို့တစ်ယောက်ကိုမှ တည့်တည့်မကြည့်။ ကြောင်ကြောင်ကြီးဖြင့် မျက်လုံးကြီးလှန်ကာ ရှေ့တူရူဆီ ကြည့်နေလေ၏။

ထို့နောက်မှ စကားတို့ တစ်ခွန်းချင်းရေရွတ်သည်။

ပထမတော့ စကားသံများမှာ ရေနစ်သူတစ်ယောက်အော်နေသလို ဗူးဗူးဝါးဝါး ဗလုံးဗထွေးဖြင့် မသဲကွဲ။ နောက်မှ အသံကို ခပ်တိုးတိုးနားထောင်၍ ရလာခဲ့၏။

အံ့ဩစရာ အလွန်ကောင်းလှပါသည်။

နတ်ဝင်သည်မှာ ယောကျ်ားကြီးဖြစ်သော်လည်း ကြားနေရသည့်အသံက မိန်းမသံလိုလို ဖြစ်နေလေ၏။

ပို၍ထူးသည်မှာတော့ မြမြနှင်း၏အသံနှင့် ဆင်နေခြင်းပါပင်။



သူတို့သုံးယောက်လုံး တုံ့ပြန်မှုအမျိုးမျိုးဖြင့် ဝရုန်းသုံးကား ဖြစ်သွားကြ၏။

ကိုဝင်းမောင်က ရှုတ်တရက် ထကာ နတ်ဝင်သည်နား သွားမည်ပြု၏။ ကိုအောင် အချိန်မီလှမ်းဆွဲလိုက်၍သာ တော်တော့သည်။

ကိုဝင်းမောင်အားဖျောင်းဖြရန် ကိုအောင်လှမ်းကြည့်မိသောအခါ အံကို တင်းတင်းကြိတ်ထားသည်ကို တွေ့ရသည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်လျက်။

ပါးစပ်ကလည်း တီးတိုးတဖွဖွနှင့် အဖန်တလဲလဲ ရေရွတ်နေလေသည်။

"မြလေး၊ မြလေးရယ်"

ချိုချိုနှင်းသည်လည်း ငို၍ နေပါလေသည်။

သို့သော် မိန်းမသားမို့ သိပ် ရှန်းရှင်းဆန်ခတ်တော့ မဖြစ်။ မျက်ရည်တို့ကြားမှပင် သူမပြောလိုသည်ကို ပြောလေ၏။

"ဟိုးသကြင်္န်တစ်နှစ်မှာတုန်းက ကိုအောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ဘာမှမဖြစ်ခဲ့ကြပါဘူးကွယ်၊ အဲဒီတုန်းက ညီမလေးကို အဝတ်လဲပေးတာ မမပါ''

နတ်ဝင်သည်ထံမှတော့ အသံပါးပါးလေးတစ်စွန်းတစ်စသာ ထွက်လာလေ၏။ ထိုအသံလေးမှာလည်း မြမြနှင်းအသံမျိုးနှင့် တူလွန်းလှပါသည်။

သို့သော် တိုးတိုးကလေးမို့ ဘာပြောနေမှန်း မကြားရ။ ငိုသံလိုလိုတော့ ထင်ရပါလေ၏။

ချိုချိုနှင်းက စာရွက်လေးတစ်ရွက်ကို ထုတ်ပြလိုက်၏။

''ဟောဒီမှာ ညီမလေးရဲ့ ကလေးကို သွေးစစ်ထားတာ၊ သူ့သွေးကလေ ကိုဝင်းမောင်ရဲ့သွေးနဲ့ အတူတူပဲ ညီမလေးရဲ့၊ အဲဒါ ညီမလေးနဲ့ ကိုဝင်းမောင်ရဲ့ ရင်သွေးအစစ်ပါကွယ်၊ ညီမလေး ရင်ထဲက သောက တွေ ငြိမ်းချမ်းပါလေတော့နော်''

နတ်ဝင်သည်မှာ ငိုသလိုအသံသာ ပြု၍နေဆဲ။



သူတို့ ပြန်ခါနီးမှာတော့

ကိုဝင်းမောင်အား တစ်ခွန်းတည်းသာ လှမ်းပြောလေ၏။

''တောင်းပန်ပါတယ်နော်''

ဘာကြောင့် ထိုသို့ နတ်ဝင်သည် ပြောလိုက်မှန်း မသိ။

မြမြနှင်းအဖို့ဆိုပါက ထိုစကားသည်ပင်လျှင် အပြောချင်ဆုံးစကား ဖြစ်ပေလိမ့်မည် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)



တခြားသူတွေအဖို့တော့ လိပ်ပြာခွဲခြင်းကို ဘယ်နှစ်ကြိမ် လုပ်လေ့ရှိမှန်း မသိပါ။

မြမြနှင်းနှင့် ရင်သွေးလေးအတွက်တော့ လိပ်ပြာခွဲသည့်ညမှာ နှစ်ကြိမ်တိတိ ပြုလုပ်ခဲ့ရပါလေ၏။

ဒီတစ်ကြိမ်မှာတော့ မြမြနှင်း၏ အလောင်း မရှိတော့ပြီဖြစ်၍ ဓာတ်ပုံဖြင့်သာ ပြုလုပ်ခဲ့ရလေ၏။

ဒီတစ်ခါမှာလည်း လိပ်ပြာခွဲပေးသူမှာ ဒေါ်အိမြပြင် ဖြစ်လေသည်။

မြမြနှင်း၏ ဓာတ်ပုံအား

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နံဘေး စင်မြင့်ပေါ်တွင် တင်ထားလေ၏။

ဒေါ်အိဖြူက ...

အရွယ်တူဝွမ်းစငယ်လေးနှစ်ခုကို လက်တစ်ဘက်၌ ဆောင်ယူလာခဲ့သည်။ အခြားတစ်ဘက်တွင်တော့ ရွှေချိန်သည့် ချိန်ခွင်လိုမျိုးလေးတစ်ခု။

ဝွမ်းစလေးတစ်ခုဖြင့် မြမြနှင်းခေတ်ပုံကို ပွတ်သပ်၏။ ပါးစပ်ကလည်း တီးတိုးပြောသည်။

"ဒါ နင့်ရဲ့ဘက်"

ထို့နောက် ထို ဝွမ်းစလေးကို ချိန်ခွင်တစ်ဘက်သို့ ထည့်လိုက်လေ၏။

နောက်ထပ် ဝွမ်းစလေးကိုမူ ကလေးအား ပွတ်ကာ ...

"ဒါ ငါတို့ ဘက်"

ဟု ပြော၍ ချိန်ခွင်တစ်ဘက်သို့ ထည့်လိုက်သည်။

ကျန်သူအားလုံးမှာ အသက်ပင် မရှုနိုင်ကြ။



ချိန်ခွင်လေးဆီသို့သာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိ၏။

ချိန်ခွင်သေးသေးလေးမှာ ညိမ့်ညိမ့်လေးတုန်ခါနေသည့်နှယ် ထင်ရ၏။ သို့သော် ထင်သာမြင်သာသော လှုပ်ရမ်းနေခြင်းမျိုးတော့ မရှိလှပါ။

ခပ်မှန်မှန်ရွတ်ဆိုလိုက်သော ဒေါ်အိဖြူ၏ အသံကသာ တိတ်ဆိတ်နေခြင်းအား ထွင်းဖောက်ထွက်ပေါ်လာလေ၏။

"ဘဝတစ်ပါးကို ကူးပြောင်းသွားခဲ့ပြီဖြစ်တဲ့ မမြမြနှင်းရေ၊ ကျန်ခဲ့တဲ့ နင့်ကလေးကို မွေးဖို့ ငါတို့ဘက်က ဘယ်သူ့ကို ပေးမလဲဆိုတာမေးမယ်၊ နင်ပေးချင်တဲ့ ငါတို့ဘက်ကလူကို သေသေ ချာချာ ပြပေးပါကွယ်"

ဒီတစ်ခါမှာတော့ ဘယ်သူမှ မငိုကြွေးကြပါ။ သို့သော် အားလုံး၏ မျက်ဝန်းများတွင် မျက်ရည်များ ဝဲဝဲစိုစွတ်နေလေတော့သည်။

ဒီတစ်ခေါက်၌ တစ်ခုထူးခြားသည်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်က ကိုဝင်းမောင်နံဘေး၌ ထိုင်ပြီး ကိုဝင်းမောင်ကို နှစ်သိမ့်သလို ပွေ့ဖက်ထားခြင်းပင် ဖြစ်လေသည်။

ဒေါ်အိဖြူ၏အသံမှာ ပီပြင်စွာ ထွက်ပေါ်လာခဲ့၏။

"ကျန်ခဲ့တဲ့ကလေးကို နင့်ယောက်ျား ကိုဝင်းမောင်ကို ပေးခဲ့မှာလား"

ချက်ချင်းပင် ချိန်ခွင်ကလေးမှာ တစ်ဖက်သို့ စောင်းကျသွားလေသည်။

မျက်ရည်ဝဲနေသည့်ကြားမှပင် အားလုံးပြုံးတူလိုလို ပြုံးမိကြ၏။

ကိုဝင်းမောင်က ကိုအောင့်အား ခပ်တင်းတင်း ပခုံးပြန်ဖက်လိုက်မိသည်။

ထိုအချိန်မှာပင်

ပြင်ပမှ လေတစ်သုတ် ဝှေ့ခနဲ တိုက်ခတ်လိုက်လေ၏။

ရုတ်တရက်

စားပွဲပေါ်တင်ထားသော မြမြနှင်းဓာတ်ပုံလေး



မှာ လေဖြင့်လွင့်ကာ ပြတင်းပေါက်မှ ကျသွားလေ၏။

မြမြနှင်းအမေက ပြတင်းပေါက်ဆီ ပြေးလိုက်သော်လည်း ဓာတ်ပုံကလေးကို မမီနိုင်တော့။

ယင်းတင်မက အားလုံး၏ နားထဲတွင် စကားတီးတိုးသံလေးတစ်ခွန်းကို ကြားလိုက်ရသလိုရှိ၏။

အားလုံး သံပြိုင်လိုလို ရေရွတ်မိကြလေ၏။

"ကောင်းရာသုဂတိလားပါစေ မြမြနှင်းရယ်"

ဖြေးဆုံး

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကြိုတဲ့ည ...။

မနက်ခင်း ကျွန်မနိုးလာတဲ့အခါ ခေါင်းတစ်ခုလုံး ထုံအုံပြီးတော့နေတယ်။ တစ်ကိုယ်လုံး တိုင်ရိုက်ထားသလို နာကျင်နေတာပဲ။

ရုတ်တရက် ဘာတွေဖြစ်ခဲ့မှန်း သတိမရဘူး။

နောက်တော့မှ မနေ့ညကအဖြစ်တွေကို တဖြည်းဖြည်း သတိရလာတယ်။

ဒါ... သရဲနဲ့တွေ့ခဲ့တာကြီးပဲ။

မနေ့က ကျွန်မတို့ ရေကစားခဲ့ကြတယ်။ အဖော်လေးလည်း ထွန်းထွန်းတိတိ ပျော်ခဲ့ကြတာပေါ့။

ညနေစောင်းလို့ ကျွန်မ အရမ်းချမ်းနေတဲ့အချိန် ကိုအောင်က သူဝတ်နေတဲ့ ဝီဇတ်ကုတ်ကြီး ယူလိုက်တယ်။

အချမ်းတော့ ပြေသွားပါရဲ့။

ဒါပေမယ့် အခုနေတော့ ကျွန်မ လှုပ်ရှားလို့မရတော့ဘူး။

မူးလိုက်တာ၊ မူးလိုက်တာ။ ခေါင်းကြီးတစ်ခုလုံး ချာချာလည်နေသလိုပဲ။ မားထားသလို အရာတွေလည်း အကုန်လုံး ပြန်ပြီးတိုးသွားတယ်။

ပြီးတော့ ...ပြီးတော့ ...

ကိုအောင်က ကျွန်မကို အခန်းထဲ ပွေ့ခေါ်သွားခဲ့တယ်။

ဒါပဲ ကျွန်မ သေချာမှတ်မိတော့တယ်။



နောက်ပြီးတော့ ဘာတွေဆက်ဖြစ်ကြသလဲ။

ကျွန်မ တကယ်ကို မတွေးဝံ့တော့ဘူး။

ကျွန်မကိုယ်ပေါ်က ဝတ်ထားတဲ့အဝတ်အစားတွေလည်း ဟိုရော့ဒီရော့နဲ့။

ဟိုတစ်နေ့က ဝယ်ထားတာတွေ အကုန်လုံးတော့ နှင်းပြာအေး ကြမ်းပြင်ပေါ်မှာ ပုံလို့။

ဒီအဝတ်အစားတွေကို ဘာလို့လဲထားပေးတာလဲ။

ဘယ်သူက လဲပေးတာလဲ။

ကျွန်မကိုအခန်းထဲပွေ့ခေါ်တာ ကိုအောင်ကလွဲပြီးအခြားသူမရှိပါဘူး။

နှင်းပြာက ထရယ်လိုက်တော့ ...

ကိုအောင် ရက်စက်လိုက်တာ။

တကယ်ဆို သူက ကျွန်မအစ်မရဲ့ချစ်သူ။ မကြာခင် လက်ထပ်ကြတော့မယ့်သူ။ ကျွန်မအတွက်လည်း သူ့ကို အစ်ကိုကြီးတစ်ယောက်လို သဘောထားပါတယ်။

အလိုမကျိုးတော့ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးလို့ ထင်ထားတာ။ ဒါကြောင့် အမေ ခဏခဏပြောတာ။ ယောကျ်ားလေးတွေ တစ်ယောက်မှ မယုံရဘူးတဲ့။

ရက်စက်လိုက်တာ။ ရက်စက်နိုင်လိုက်တာရှင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာဆက်လုပ်ရင်ကောင်းမလဲ။

ခုဆို ကျွန်မ ရာသီသွေးပုံမှန်မဆင်းတာ တစ်ပတ်ကျော်သွားခဲ့ပြီ။

ကိုအောင်တာတော့ လုံးဝမသိသလို လုပ်နေလေရဲ့။

ကျွန်မ... ကျွန်မ သူ့မျက်နှာကို မကြည့်ရဲဘူး။ ကြည့်လည်း မကြည့်ချင်ဘူး။

ဒီကိစ္စအားလုံးအတွက် သူ့မှာ တာဝန်လုံးလုံးရှိတယ်လေ။

ဒါပေမယ့် ကျွန်မ ဘယ်လိုလုပ်ပြီး ပြောရပါ့မလဲ။

ကျွန်မ့အမေတော့ သူနဲ့ လက်ထပ်ဖို့ဆိုပြီး အစီအစဉ်တွေ အသေးစိတ် ဆွဲနေလေရဲ့။

ခေါင်းရှုပ်လိုက်တာနော်။

ကံကြမ္မာကြီးရယ်... ဘာကြောင့်များ ကျွန်မအပေါ်မှာ ထွက်ပြီး ဆိုးနေရတာတဲ့လဲ။

ခုထိ မှတ်မိသလောက် ဘယ်သူတစ်ဦးတစ်ယောက်အပေါ်မှ ကျွန်မ မကောင်းမကြံဖူးခဲ့ပါဘူး။

နတ်ကောင်းနတ်မြတ်များ ကံဆိုးမလေး မိန်းမငယ်ကို ဝိုင်းသနား ကြပါဦးရှင်။



ဒီနေ့ပါနဲ့ဆိုရင်...

ကိုဝင်းအောင် ကျွန်မကို ချစ်ခွင့်ပန်တာ လေးခေါက်မြောက်ပါ။

မိတ်ဆွေဖြစ်ရတဲ့အထဲ သူလည်း တစ်ယောက်။

ကျွန်မအနားလိုက်ပြီး သူ့စကားတွေ တတွတ်တွတ်ပြောနေပေမယ့်...

ကျွန်မဘက်ကမှ သေသေချာချာ မကြားမိဘူး။

ကျွန်မခေါင်းထဲ တွေးနေမိတာက တစ်ခုတည်း။

ဒီနေ့ပါနဲ့ဆို...

ကျွန်မ ရာသီသွေး ပုံမှန်မဆင်းတာ နှစ်ပတ်ရှိသွားခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမောင်ကို ကျွန်မ ဒေါင်းသိတ်လိုက်မိတာ မှားသလား။

လောလောဆယ် ကျွန်မအတွက် စဉ်းစားမိသမျှ အကောင်းဆုံး ထွက်ပေါက်ကတော့ ဒီတစ်ခုထဲရယ်လေ။

သူကလည်း အတင်းကြီးကို ဇွတ်မှိတ် အဖြေတောင်းနေတော့ တာတိုး။

ဒါပေမယ့် ...

ကျွန်မက ဒေါင်းသိတ်လိုက်တာနဲ့ သူ့မျက်နှာပျက်သွားတဲ့ အရုပ်ကြီး ဝမ်းသာမှုအတွက် ကျွန်မတောင် ကြည်နူးရသလိုပါပဲ။

ပြီးမှသာ ကျွန်မရဲ့ တကယ့်အခြေအနေမှန်ကို ပြန်သတိရလိုက်ပြီး စိတ်ညစ်သွားခဲ့ရတာ။

ရှေးလူကြီးတွေ ပြောတဲ့စကားရှိတယ်လေ။

နွားမရှိ ပိတ်ကျောင်းတယ်တဲ့။

ကျွန်မက အဲသလို လုပ်ရပ်ကိုများ လုပ်မိနေပြီလား။

ကျွန်မကိုယ်ကျွန်မလည်း တန်ဖိုးမဲ့ခဲ့သလို၊ ကိုဝင်းမောင်ရဲ့ တန်ဖိုးထားမှုပေါ် စော်ကားမိခဲ့ပြီလား မသိတော့ပါဘူး။

ခွင့်လွှတ်ပါ ကိုဝင်းမောင်ရယ်။

ဟောဒီက အမိုက်မ မိန်းမငယ်လေးကို ခွင့်လွှတ်ပါတော့ရှင်။

ကျွန်မမှာလည်း ဒီနည်းကလွဲလို့ တခြားမစဉ်းစားမိတော့လို့ပါ။



အခုတော့လည်း အခြေအနေအားလုံးက ကျွန်မအတွက် အဆင်ပြေ နေသလိုပါပဲ။

ချက်ချင်းလက်ထပ်ဖို့ပြောတာနဲ့ ကိုဝင်းမောင်က ဝမ်းတွေများ တောင် သာလို့။

ကျွန်မ မိဘတွေကလည်း ကိုဝင်းမောင်နဲ့ဆို မငြင်းကြပါဘူး။

မမတာတော့ ပြောပါတယ်။

စောလွန်းမနေဘူးလား သမီးလေးရယ်တဲ့။

သမီးလေးမှာလည်း သမီးလေးအကြောင်းနဲ့ သမီးလေးဆိုလို့ပါ မမရယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ်။

ဒါတွေအားလုံးဟာ သင်္ကြန်တွင်းတုန်းက ကိုအောင့်ခနက်တွေ ကြောင့်ပါပဲ။

ကြားဖူးတာတော့ ကိုးလလွယ်၊ ဆယ်လဖွားတဲ့။

အခုတော့ ကျွန်မနဲ့ ကိုဝင်းမောင် လက်ထပ်ပြီးခဲ့တာမှ ခုနစ်လသာသာရှိသေးတယ်၊ မွေးဖို့ဖွားဖို့က ဖြစ်လာခဲ့ပြီ။

ဒါက ဘယ်သူ့ကြောင့်လဲ၊ ဝေဒင်မေးစရာမလိုအောင် ကြိမ်းသေတယ်။

ဒါပေမယ့် ရန်ငြိုးတွေလည်း ပွားမနေချင်တော့ပါဘူးလေ။

ဘယ်သူ့ကိုမှလည်း မိတ်မနာနေချင်တော့ဘူး။

ဆိုးတာကတော့ ကျွန်မ ကိုဝင်းမောင်ကို ချစ်နေမိလိုက်တာ။

တစ်ခါတလေ သူ့ရဲ့ကြင်နာယုယမှုတွေဟာ ကျွန်မရဲ့ မယိုတိုက် အလိုတော် ထင်မိတယ်။

ကျွန်မက အလိမ်အညာမလေးပါ ကိုဝင်းမောင်ရယ်။



တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် အချိန်တွေကို နောက်ပြန် လှည့်ချင်တယ်။

တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် ပြီးခဲ့တဲ့ သင်္ကြန်တွင်းကာလတစ် ခုကို ကျွန်မဘဝထဲက ဆွဲထုတ်လွှင့်ပစ်ထားလိုက်ချင်တယ်။

ကိုဝင်းမောင်ဟာ တကယ့်ခင်ပွန်းကောင်းတစ်ယောက်ပါ။

ကျွန်မကိုရော၊ ကလေးကိုရော ကြင်နာလိုက်တာ။

ကျွန်မကရော ဇနီးကောင်း ပီသပါရဲ့လား။

သူက ကျွန်မအပေါ် ဖြူစင်ပွင့်လင်းသလောက်၊ ကျွန်မမှာတော့ ဖုံးကွယ်လိမ်ညာမှုတွေအပြည့်နဲ့။

အဆိုးဆုံးကတော့ အကြီးမားဆုံးလိမ်ညာမှုကြီးကို ထိန်ချန်လှည့်ဖြား ထားတာပဲ။

ကျွန်မကို ဆုံးရင် ပိုကောင်းလိမ့်မယ်နဲ့တူတယ်ရှင်။

အခုတော့ ကိုဝင်းမောင်ရဲ့အချစ်တွေဟာ ကျွန်မကို ပိုပြီးစိတ် မလုံသလို ဖြစ်လာစေတယ်။

ညညတွေ တစ်ညလုံးမအိပ်ဘဲ သူ့မျက်နှာကို ငေးကြည့်နေမိတာ သူမှ သိပါရဲ့လား။

အပြစ်မှာ ကိုဝင်းမောင်လိုပဲ ကျွန်မ သမီးရှင်းရှင်း ဒါပေမယ့်

www.burmeseclassic.com



ရင်ထဲမှာ တိုးတိုးလေးကြိတ်ပြီး ခေါ်မိတဲ့ နှ- ညတွေက နဲ့လို့။

ကိုကိုလို့ ခေါ်ရမလား၊ မောင်ဆိုတာကတော့ ကျွန်မထက် အသက်ကြီးသူမို့ မဖြစ်နိုင်ဘူးလို့ ထင်တယ်။

ကိုကြီးလို့ပဲ ကျွန်မ ခေါ်ပါတော့မယ်။

ကျွန်မရဲ့ အကြီးအမှူး၊ ကျွန်မကို တာဝန်ယူစောင့်ရှောက်တဲ့သူ။

တကယ်တော့ အချစ်ဆိုတာ မြတ်နိုးမှုတွေကနေ တစ်ရစ်ရစ်ပြီး တစ်ရစ် အငြိ ဖြစ်တည်လာခဲ့တယ်ဆိုတာ အခုတော့ ကျွန်မသိပြီ။

ကိုကြီးက ကျွန်မရဲ့ အားကိုးရာ။

ကိုကြီးဟာ ကျွန်မရဲ့ တိုးတွယ်ရာ။

ကိုကြီးသည်သာ ကျွန်မကို လမ်းညွှန်ပဲ့ပြင်သူ။

ကိုကြီးရဲ့ မေတ္တာရိပ်အောက်မှာ ကျွန်မ ထာဝရနေချင်ပါရဲ့။

ကျွန်မကို ဖုန်းသွားမှာလည်း သိပ်ကြောက်မိပါတယ်။

ဒါပေမယ့် အကြောင်းရဲ့ သဘာဝသိရင် ကျွန်မကို ဖုန်းပစ်မက ဖွဲ့ရှာသွားလိမ့်မယ်ထင်တယ်နော်။

ကျွန်မကို ခွင့်လွှတ်ပါ ကိုကြီးရယ်။

ထိတ်ချွန်လိမ်ညာနေမိသူတစ်ယောက်ရဲ့ အဖြစ်က အသိပေးဖို့ ဒီတွင်းထဲ ငုံထားရသလို ဘဝမျိုးပါ။



အဖြစ်မှန်တွေ ကျွန်မ ဖွင့်ပြောချင်ပါရဲ့။

ဒါပေမယ့် ပြောလိုက်တော့မှ ကျွန်မကို ဖုန်းသွားမှာလည်း စိုးတယ်။

အခုဆို အချိန်တွေက သိပ်နှောင်းခဲ့ပြီ မဟုတ်လား။

ကျွန်မက သူ့ရဲ့ဘောကြောင်တဲ့ တောင်းဆဲလေးပါ ကိုကြီးရယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမြေပေါ်မှာ
ဘာပင်မှ မပေါက်ဘူး။

အဲ့ဒီမြေပေါ်မှာ
ဘာမှ ဆောက်လို့ မရဘူး။

အဲဒီမြေပေါ်မှာ
ဝော်လဲသလို အသံကြီးတွေ
ကြားရပြီးစဉ်တိုင်း
လူတွေ သောက်သောက်လဲ သေတတ်တယ်။
လူတိုင်း ကြောက်ကြတဲ့ အဲဒီမြေရဲ့နာမည်က ...

# မြေကြမ်း

# ဒဿကျော်စွာ

BURMESE CLASSIC .com

## အိပ်မက်ဘာသစ် မှ ထွက်ရှိပြီးစာအုပ်များ


| | | |
|---|---|---|
| ၁။ | ပြာပြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ | အဆောင်သူအတွက်... | ဝေမှူးသွင် |
| ၃။ | ဂလိုဘယ်လိုက်ဇေးရှင်း ရှေးဟောင်းလူဆိုးနဲ့... | မောင်စူးစမ်း |
| ၄။ | ဂလက်စီမိစ္ဆာနှင့်သံမဏိမီးလျှံ | တာရာလင်းနွယ် |
| ၅။ | မိုးရာသီပတ်ပျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ | ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ | သူ့ရဲကောင်းသြဇာနှင့်ရွှေလျှားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ | မှုကြိုတစ်ဦး၏ဖာလူဒါအရသာ | ဝေမှူးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ | မင်းလူ...ဝေမှူးသွင်...L. မင်းပြည့်မွန် | မင်းလူ၊ ဝေမှူးသွင်၊ L.မင်းပြည့်မွန် |
| ၁၁။ | ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | L.မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L.မင်းပြည့်မွန် |
| ၁၄။ | အနေးသွားလွန်းပျံယာဉ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး...ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးဇော |
| ၁၇။ | စောင့်နေသူ | သတိုးဇော |
| ၁၈။ | ညှို့နက်သန်းခေါင်ခွေးတစ်ပေါင် | သတိုးဇော |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့ဒွေး |
| ၂၀။ | မိစ္ဆာမျက်ရည် | ဒေဝလက်ျာ |
| ၂၁။ | စွဲလမ်းခြင်းဆရိုးသည် | သတိုးဇော |
| ၂၂။ | မာယာကစားပွဲ | လင်းညို့ဒွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးဇော၊ ဒေဝလက်ျာ |
| ၂၆။ | ညည်းတွားရိုက်တဲ့ဗုံသံ | သတိုးဇော |
| ၂၇။ | ဦးရှင်ကြီး | ဒီဗွကျော်စွာ |
| ၂၈။ | ပန်းဝင်စား | ဝေမှူးသွင် |
| ၂၉။ | ခေးရယ် | လူနေ |
| ၃၀။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၁။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီဗွကျော်စွာ |
| ၃၂။ | ဘာဆိုလားပဲ | လူနေ |
| ၃၃။ | ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး | ဝေမှူးသွင် |
| ၃၄။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |


## ဆက်လက်ထွက်ရှိမည့်စာအုပ်များ


| | | |
|---|---|---|
| ၃၅။ | စေညွှန်ရာကြမ္မာဆိုး | သတိုးဇော |
| ၃၆။ | 25 | လူနေ |


www.burmeseclassic.com